# မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများ

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ

ငွေကြေး-မြန်မာကျပ်ငွေ (ထောင်ပေါင်း)

*ဝင်းသင်နှင့်အဖွဲ့ လီမိတက်*

*လက်မှတ်ရပြည်သူ့စာရင်းကိုင်များ*

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများ

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့နှင့် ထိုနေ့ကုန်ဆုံးသောနှစ်အတွက်စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ

| မာတိကာ | စာမျက်နှာ |
|---|---|
| စီမံအုပ်ချုပ်သူများ၏ တာဝန်ဖော်ပြချက် | ၁ |
| ပြင်ပစာရင်းစစ်အစီရင်ခံစာ | ၂ - ၆ |
| စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၇ |
| စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၈ |
| စုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း | ၉ |
| စုပေါင်းငွေသားစီးဆင်းမှုရှင်းတမ်း | ၁၀ |
| စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ | ၁၁ - ၃၂ |

**MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.**

No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1- 7503928, 7503929, 09-889955485 , 09-883016868

**မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် နှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီများ စီမံအုပ်ချုပ်မှုသူများ၏ တာဝန်ဖော်ပြချက်**

**မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ကုမ္ပဏီ)နှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီများ (ကုမ္ပဏီအုပ်စု)** ၏ ၂၀၂၆ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ရှိ စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း ၊ စုပေါင်းအစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ စုပေါင်းငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသောစာရင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသောမှတ်စုများ ပါဝင်သော စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်သာဖြစ်ပါသည်။ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲ ရာတွင် စီမံအုပ်ချုပ်သူများသည် -

- ဆီလျော်သော စာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်း ကျင့်သုံးခြင်းနှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကို ပြုလုပ်ခြင်း စသည်တို့ ပါဝင်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများအနေဖြင့် သင့်လျော်သော စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ ရပိုင်ခွင့်များကို လုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် အခြားစည်းမျဉ်းမကျမှုများကို ကာကွယ်ဖော်ထုတ်ရန်အတွက် သင့်လျော်သလို ဆောင်ရွက်ရန် အထွေထွေတာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

MYANMAR AGRO EXCHANGE ★ PUBLIC LIMITED ★

ဦးဝင်းအောင်
ဥက္ကဋ္ဌ
မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၉) ရက်။

စာအမှတ် - ၁၉၉ / အမ် - ၂၈၃ / မတ် ၂၀၂၆

## ပြင်ပစာရင်းစစ်အစီရင်ခံစာ

**မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များ**

**စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ နှင့်စပ်လျဉ်းသည့် စာရင်းစစ်ဆေးမှုအပေါ် အစီရင်ခံစာ**

**စာရင်းစစ်ထင်မြင်ယူဆချက်**

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ကုမ္ပဏီ) နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီ**များ** (ကုမ္ပဏီအုပ်စု) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ စုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ စုပေါင်းငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ် ပါဝင်သော စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

ပူးတွဲပါ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများသည် ကုမ္ပဏီအုပ်စု၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စုပေါင်းဘဏ္ဍာရေး အခြေအနေ၊ ယင်းနေ့ကုန်ဆုံးသော နှစ်အတွက် စုပေါင်းလုပ်ငန်းဆောင်ရွက်မှု ရလဒ်များနှင့် စုပေါင်းငွေသားစီးဆင်းမှုများကို မြန်မာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေအနေအမှန်ကို သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း ကျွန်တော်များ ထင်မြင်ယူဆပါသည်။

**စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှု**

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် နိုင်ငံတကာစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစံများအရ ကျွန်တော်များစာရင်းစစ်အဖွဲ့၏ တာဝန်များကို ဤအစီရင်ခံစာ၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏ တာဝန်ကဏ္ဍတွင် ထပ်မံဖော်ပြထားပါသည်။ ကျွန်တော်များစာရင်းစစ်အဖွဲ့သည် International Ethics Standards Board for Accountants International Code of Ethics for Professional Accountants (including International Independence Standards)(IESBA Code) နှင့် မြန်မာနိုင်ငံရှိ အများပြည်သူ့ အကျိုးစီးပွားနှင့် သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများ၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ကုမ္ပဏီအုပ်စုနှင့် သီးခြားလွတ်လပ်စွာ ရပ်တည်ခဲ့ပြီး ဤသတ်မှတ်ချက်များနှင့်အညီ ကျွန်တော်များစာရင်းစစ်အဖွဲ့သည် အခြားသောကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ တာဝန်များကို

လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်များစာရင်းစစ်အဖွဲ့ရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များ စာရင်းစစ်အဖွဲ့၏ စာရင်းစစ် ထင်မြင်ယူဆချက်အတွက် အခြေခံမှုပြုရန် လုံလောက်သင့်လျော်သည်ဟု ယုံကြည်ပါသည်။

**အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ**

အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များသည် ကျွန်တော်များစာရင်းစစ်အဖွဲ့၏ အတတ်ပညာပိုင်းဆိုင်ရာ ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းအရ ယခုကာလ၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးရာတွင် အရေးပါဆုံးသော ကိစ္စရပ်များဖြစ်ပါသည်။ အဆိုပါကိစ္စရပ်များကို စုပေါင်းဘဏ္ဍာရေးရှင်းတမ်း တစ်ခုလုံးအနေဖြင့် စာရင်းစစ်ဆေးခြင်းနှင့် ၎င်းအပေါ် ကျွန်တော်များစာရင်းစစ်အဖွဲ့၏ ထင်မြင်ယူဆချက်ကို ပြုစုရာတွင်ထည့်သွင်းစဥ်းစားခဲ့ပါသည်။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်ပြီး သီးခြားထင်မြင်ယူဆချက်ပေးမည် မဟုတ်ပါ။

**အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ**

**ဝင်ငွေအဆောက်အဦးများရောင်းချခြင်း**

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ မှတ်စု ၂(တ) နှင့် ၂၁ တို့ကို ရည်ညွှန်းပါသည်။

ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီအုပ်စု၏ အဆောက်အဦးများ ရောင်းချခြင်းမှဝင်ငွေမှာ (လုံးချင်းအဆောက်အဦးနှင့် အလယ်အလတ် လက်ကား ဈေးရုံးခန်းတို့အတွက်) မြန်မာကျပ်ငွေ ၂၉,၂၈၃,၅၀၀,၀၀၀ ဖြစ်ပါသည်။ ၎င်းမှာ စုစုပေါင်း ဝင်ငွေ၏ ၇၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ ကုမ္ပဏီသည် ဝင်ငွေအဖြစ် စာရင်းသွင်းရာတွင် အဆောက်အဦး အမျိုးအစားပေါ်မူတည်၍ မတူညီသော နည်းလမ်းနှစ်သွယ်ဖြင့် စာရင်းမူဝါဒကို ချမှတ်ထားပါသည်။

အထက်ပါအချက်များကို အခြေပြု၍ Key audit matter ကိုသတ်မှတ်ပါသည်။

**အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ကျွန်တော်များ စာရင်းစစ်ဆေးရာတွင် ကိုင်တွယ်ဖြေရှင်းခဲ့သည့် နည်းလမ်း**

အဆောက်အဦးများ ရောင်းချခြင်းမှရငွေကို စစ်ဆေးရာတွင် အောက်ပါ စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ချမှတ်စစ်ဆေးပါသည်။

ပုံမှန်ထက် ထူးခြားသော သို့မဟုတ် ပမာဏများပြားသော အကြောင်းအရာများကို စိစစ်ရာတွင် နှိုင်းယှဥ်စစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ဝင်ငွေအဖြစ် စာရင်းရေးသွင်းခြင်းများအတွက် ချမှတ်ထားသော စာရင်းမူဝါဒသည် မြန်မာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် ကိုက်ညီမှု ရှိမရှိ သုံးသပ်ပါသည်။

တန်ဖိုးနှင့်ဝင်ငွေခန့်မှန်းမှု၊ တိုးတက်မှုရာခိုင်နှုန်း တိုင်းတာခြင်းနှင့် ကွဲလွဲမှုများ၊ ပြောင်းလဲမှုများ စာရင်းတင်ရေးသွင်းခြင်းများ စသည်တို့ပါဝင်သော ကုမ္ပဏီ၏ လုပ်ဆောင်မှုအဆင့်ဆင့် နည်းလမ်းသည် သင့်လျော်မှု ရှိမရှိ အကဲဖြတ်ပါသည်။

အရောင်းစာချုပ်များနှင့်ပတ်သက်သော ကုမ္ပဏီ၏စာရင်းမူဝါဒများ၊ ဖော်ပြချက်များနှင့်ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ်များကိုလည်း မြန်မာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် ညီညွတ်မှု ရှိမရှိ စိစစ်ခဲ့ပါသည်။

အရောင်းစာချုပ်များကို လျော်ကန်သင့်မြတ်စွာ ချုပ်ဆိုထားခြင်း ရှိမရှိ သိရှိရန် စိစစ်ခဲ့ပါသည်။

ကျခံခဲ့သောအသုံးစရိတ် သို့မဟုတ် ကျခံရန်ရှိသော အသုံးစရိတ်များသည် ယုံကြည်စိတ်ချစွာ တွက်ချက်နိုင်ကြောင်း စိစစ်ခဲ့ပါသည်။

ပြီးစီးမှုအဆင့်ကို ယုံကြည်စိတ်ချစွာ တွက်ချက်ထားကြောင်း စိစစ်တွေ့ ရပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းတွင် စာရင်းရေးသွင်းထားသော ဝင်ငွေပမာဏ မှန်ကန်မှုရှိမရှိ ပြန်လည်တွက်ချက် စိစစ်ခဲ့ပါသည်။

နှစ်ချုပ်စာရင်းပါ ဖော်ပြချက်များသည် မြန်မာဘဏ္ဍာရေးအစီရင်ခံခြင်း ဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ လုံလောက်စွာဖော်ပြထားခြင်း ရှိမရှိ စိစစ်ခဲ့ပါသည်။

**စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများနှင့် စီမံခန့်ခွဲမှု ကြီးကြပ်သူများ၏တာဝန်**

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပြီး လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲနိုင်ရန်၊ လုပ်ငန်းတွင်း ထိန်းချုပ်မှုအစီအစဉ်ကို စီမံအုပ်ချုပ်သူများမှ ချမှတ်ထားရှိရန် လိုအပ်ပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် ကုမ္ပဏီကို ဖျက်သိမ်းရန် သို့မဟုတ် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းရန် ရည်ရွယ်မှုမရှိလျှင် သို့မဟုတ် ထိုသို့လုပ်ဆောင်ရန်မှလွဲ၍ လက်တွေ့ကျသော အခြားရွေးချယ်စရာမရှိမှု မရှိလျှင် ကုမ္ပဏီအုပ်စု၏ ဆက်လက်လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ခြင်း၊ ဆက်လက်လုပ်ဆောင်နိုင်မှု အခြေအနေနှင့် ပတ်သက်သည့်ကိစ္စများကို ထုတ်ဖော်ခြင်းနှင့် ဆက်လက်လုပ်ဆောင်နိုင်မှုနှင့် သက်ဆိုင်သည့် စာရင်းကိုင်မှုများကို အသုံးပြုခြင်းတို့သည် စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုကြီးကြပ်သူများ၏ တာဝန်သည် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအစီရင်ခံခြင်း လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။

**စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် စာရင်းစစ်၏တာဝန်**

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ လိမ်လည်မှု၊ မှားယွင်းမှုကြောင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ တစ်ရပ်လုံးသည် အရေးပါသော မှားယွင်းစွာ ဖော်ပြမှုများမှ ကင်းရှင်းကြောင်း၊ ကျိုးကြောင်းဆီလျော် သေချာမှုရရှိရန်နှင့် ကျွန်တော်များစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ထင်မြင်ယူဆချက် ပါဝင်သော စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ရန်ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်သေချာမှုဆိုသည်မှာ မြင့်မားသောအဆင့်သေချာမှု ဖြစ်သော်လည်း နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးရာတွင် တည်ရှိနေသော အရေးပါသည့် မှားယွင်းဖော်ပြချက်အား အမြဲတွေ့ရှိမည်ဟု အာမခံချက် ပေးခြင်းမဟုတ်ပါ။ မှားယွင်းဖော်ပြမှုများသည် လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်ပြီး မှားယွင်းဖော်ပြမှုများသည် တစ်ခုချင်း သို့မဟုတ် စုပေါင်းခြင်းအားဖြင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို အသုံးပြုသူများ၏ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ကျိုးကြောင်းဆီလျော်စွာ ဩဇာလွှမ်းမိုးနိုင်ခဲ့ပါက အရေးပါသည်ဟုထင်မြင်ယူဆပါသည်။

နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျွန်တော်များစာရင်းစစ်အဖွဲ့သည် စာရင်းစစ်ဆေးမှု တစ်လျှောက် အတတ်ပညာပိုင်းဆိုင်ရာ ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းကို ကျင့်သုံးရန်နှင့် စစ်ဆေးခြင်းပညာဆိုင်ရာ သံသယ (skepticism) စိတ်ထားရှိရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည်

- လိမ်လည်မှု၊ မှားယွင်းမှုကြောင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသော မှားယွင်းစွာဖော်ပြမှု အန္တရာယ်များအား ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန်၊ အဆိုပါအန္တရာယ်များအားတုံ့ပြန်သော စာရင်းစစ် လုပ်ထုံးလုပ်နည်းများ ရေးဆွဲဆောင်ရွက်ရန်၊ ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှုပြုရန် လုံလောက်သင့်လျော်သော စာရင်းစစ်အထောက်အထားများ ရယူရန်ဖြစ်ပါသည်။ လိမ်လည်မှုကြောင့်ဖြစ်ပေါ်သော အရေးပါသည့် လွဲမှားဖော်ပြမှုများအား ဖော်ထုတ်မှု မပြုနိုင်ခြင်း အန္တရာယ်သည် မှားယွင်းမှုကြောင့်ဖြစ်ပေါ်သော အန္တရာယ်ထက် ပိုမိုကြီးမားပါသည်။ အကြောင်းရင်းမှာ လိမ်လည်မှုတွင် ပူးပေါင်းကြံစည်ခြင်း၊

အတုပြုလုပ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ထိန်ချန်ထားခြင်း၊ လွဲမှားထွက်ဆိုခြင်း သို့မဟုတ် ဌာနတွင်းကြီးကြပ်မှု စနစ်အား သွေဖီခြင်းတို့ ပါဝင်နိုင်သောကြောင့် ဖြစ်ပါသည်။

- အခြေအနေနှင့် သင့်လျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် စာရင်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သော ဌာနတွင်းကြီးကြပ်မှု လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်ရန် လိုအပ်သော်လည်း ကုမ္ပဏီ၏ ဌာနတွင်းကြီးကြပ်မှုစနစ်ထိရောက်မှုအပေါ် စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန် မဟုတ်ပါ။
- စီမံအုပ်ချုပ်သူများမှပြုလုပ်သော စာရင်းခန့်မှန်းခြေများနှင့် သက်ဆိုင်ရာထုတ်ဖော်ချက်များ၏ ကျိုးကြောင်းဆီလျော်မှုနှင့် အသုံးပြုထားသော စာရင်းဆိုင်ရာ မူဝါဒများ သင့်လျော်မှုကို အကဲဖြတ်ပါသည်။
- စီမံအုပ်ချုပ်သူများမှ အသုံးပြုသည့် လုပ်ငန်းဆက်လက်လုပ်ဆောင်မှု စာရင်းအခြေခံမှု၏ သင့်လျော်မှုနှင့် ရယူထားသော စာရင်းစစ်အထောက်အထားများပေါ် မူတည်၍ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆက်လက် လုပ်ဆောင်နိုင်မှုအပေါ် ထင်ရှားသော သံသယများဖြစ်စေနိုင်သည့် အရေးပါသော မသေချာသည့် အဖြစ်အပျက် အခြေအနေရှိ/မရှိ သုံးသပ်ပါသည်။ အရေးပါသော မသေချာသည့် အခြေအနေရှိခဲ့သည်ဟု သုံးသပ်ပါက ကျွန်တော်များအနေဖြင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် ပါရှိသော အဆိုပါ ထုတ်ဖော်ချက်အား စာရင်းစစ်အစီရင်ခံစာတွင် ရည်ညွှန်းဖော်ပြရန် လိုအပ်ပါသည်။ အကယ်၍ အဆိုပါ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင်ပါရှိသော ထုတ်ဖော်ချက်များသည် လုံလောက်မှုမရှိပါက စာရင်းစစ်အစီရင်ခံစာတွင် ထုတ်ဖော်ပြသရန် လိုအပ်မည်ဖြစ်ပါသည်။ ကျွန်တော်များ၏ သုံးသပ်ချက်သည် စာရင်းစစ်အစီရင်ခံစာ ထုတ်ပြန်သည့်နေ့အထိ ရရှိထားသော စာရင်းစစ်အထောက်အထားများအပေါ် အခြေခံပါသည်။ သို့သော် အနာဂတ်အဖြစ်အပျက် သို့မဟုတ် အခြေအနေများသည် ကုမ္ပဏီအုပ်စုအား လုပ်ငန်းဆက်လက်လုပ်ဆောင်မှုကို ရပ်စဲရန် ဖြစ်ပေါ်စေနိုင်ပါသည်။
- စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ ထုတ်ဖော်ပြသချက်များအပါအဝင် ယေဘုယျတင်ပြမှု၊ ဖွဲ့စည်းမှု၊ ပါဝင်မှုများနှင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများသည် အခြေခံလုပ်ဆောင်ချက်များနှင့် အဖြစ်အပျက်များအား သင့်လျော်သည့်ပုံစံဖြင့် တင်ပြထားခြင်းရှိ၊ မရှိ သုံးသပ်ပါသည်။
- ကုမ္ပဏီအုပ်စု၏ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ထင်မြင်ယူဆချက်တစ်ခုကို ဖော်ပြရာတွင် အခြေခံမှုတစ်ခုအဖြစ် ကုမ္ပဏီအုပ်စုအတွင်းရှိ အဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းယူနစ်များ၏ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ လုံလောက်သင့်လျော်သော စာရင်းစစ် အထောက်အထားများရရှိရန် ကုမ္ပဏီအုပ်စုစစ်ဆေးခြင်းကို စီစဉ်လုပ်ဆောင်ပါသည်။ ကုမ္ပဏီအုပ်စု စစ်ဆေးခြင်း၏ ရည်ရွယ်ချက်များအတွက် လုပ်ဆောင်ခဲ့သောစာရင်းစစ်လုပ်ငန်း၏ လမ်းညွှန်မှု၊ ကြီးကြပ်မှုနှင့် ပြန်လည်သုံးသပ်မှုအတွက် ကျွန်တော်များအဖွဲ့တွင် တာဝန်ရှိပါသည်။ ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် ကျွန်တော်များအဖွဲ့တွင်သာ တာဝန်ရှိပါသည်။

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် စာရင်းစစ်ဆေးစဉ်အတွင်း တွေ့ရှိခဲ့သော ဌာနတွင်းကြီးကြပ်မှုစနစ်၏ အရေးပါသော အားနည်းချက်များ အပါအဝင် အရေးပါသော စာရင်းစစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်နယ်ပယ်နှင့် အချိန်အတိုင်းအတာ၊ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှု ကြီးကြပ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် အမှီအခိုကင်းခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သော ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပြီး ဖြစ်ကြောင်းနှင့် ကျွန်တော်များ၏ အမှီအခိုကင်းခြင်းအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု ကျိုးကြောင်း ဆီလျော်စွာယူဆနိုင်သည့်ဆက်ဆံရေးများ၊ အခြားကိစ္စရပ်များအားလုံးနှင့် လိုအပ်ပါက ကျွန်တော်များ၏ အမှီအခိုကင်းခြင်းအပေါ် ခြိမ်းခြောက်မှုများကို ဖယ်ရှားရန်အတွက် အရေးယူဆောင်ရွက်ထားမှုနှင့် အကာအကွယ် ပြုလုပ်ထားမှုများကို ဆက်သွယ်ဆောင်ရွက်ရန်အတွက် တင်ပြချက်တစ်စောင်ကို စီမံခန့်ခွဲမှုကြီးကြပ်သူများသို့ ပေးပို့ပါသည်။

စီမံခန့်ခွဲမှုကြီးကြပ်သူများသို့ ဆက်သွယ်ဆောင်ရွက်ခဲ့သည့် ကိစ္စများအနက် လက်ရှိနှစ်၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးရာတွင် အရေးပါဆုံးသော ကိစ္စရပ်များကို အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ထားပါသည်။ ဥပဒေ သို့မဟုတ် စည်းမျဉ်းများမှ အဆိုပါကိစ္စများနှင့်ပတ်သက်ပြီး အများပြည်သူသို့ ထုတ်ဖော်ခြင်းကို တားမြစ်ထားခြင်းမရှိပါက ကျွန်တော်များ၏ စာရင်းစစ်အစီရင်ခံစာတွင် ဤကိစ္စရပ်များကို ဖော်ပြထားပါသည်။ အဆိုပါကိစ္စရပ်များကို တင်ပြခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများသည် အများပြည်သူရရှိမည့် အကျိုးစီးပွားထက်ပိုများနေသည့် အလွန်ရှားပါးသော အခြေအနေများတွင် ကျွန်တော်များ၏ အစီရင်ခံစာတွင် အဆိုပါကိစ္စရပ်များကိုမတင်ပြရန်ဆုံးဖြတ်ပါသည်။

**အခြားဥပဒေနှင့် စည်းကမ်းချက်ဆိုင်ရာ လိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ

(၁) လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း

(၂) ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၂၅၈ နှင့်အညီ ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

စိုးစိုးငွေ (ပီအေပီပီ - ၆၀၀)
Engagement Partner
ဝင်းသင်နှင့်အဖွဲ့လီမိတက်
စာရင်းစစ်လုပ်ငန်းမှတ်ပုံတင်အမှတ် - အေအက်ဖ်စီ ၀၀၈

၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၉) ရက်။

## မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

### ၂၀၂၆ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ရှိ စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | မှတ်စု | ၂၀၂၆ | ၂၀၂၅ |
|---|---|---|---|
| ရပိုင်ခွင့်များ | | | |
| **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | | |
| ပုံသေပိုင်ပစ္စည်းများ | ၆ | **၂၂,၂၂၃,၁၃၆** | ၂၁,၄၁၀,၅၅၄ |
| ထိတွေ့ကိုင်တွယ်၍ မရသောပိုင်ဆိုင်ပစ္စည်း | ၇ | **၁,၈၆၃** | ၁,၅၃၇ |
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ (အဆောက်အဦးများ) | ၈ | **၁၈,၅၉၁,၆၇၆** | ၁၉,၁၂၉,၃၆၀ |
| ဆိုင်းငံ့ထားသောအခွန် | ၁၄ (ခ) | **၁၇၅,၆၉၀** | ၁၂၀,၇၃၀ |
| | | **၄၀,၉၉၂,၃၆၅** | ၄၀,၆၆၂,၁၈၁ |
| **လက်ငင်းရပိုင်ခွင့်များ** | | | |
| ငွေနှင့် ငွေသားညီမျှခြင်းများ | ၉ | **၄,၃၈၈,၁၄၇** | ၅,၆၄၄,၆၇၇ |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | ၁၀ | **၈,၈၅၄,၀၄၁** | ၃,၁၄၀,၃၄၄ |
| ကြိုတင်ပေးငွေများ | ၁၁ | **၂,၇၆၇,၅၇၈** | ၂,၄၇၆,၉၂၅ |
| ကုန်လက်ကျန်များ | ၁၂ | **၃၉၃,၁၇၆** | ၄၅၃,၁၃၅ |
| လုပ်ဆောင်ဆဲလုပ်ငန်းများ | ၁၃ | **၁၇,၇၅၉,၉၅၄** | ၂၀,၅၂၃,၅၇၉ |
| | | **၃၄,၁၆၂,၈၉၆** | ၃၂,၂၃၈,၆၆၀ |
| | | **၇၅,၁၅၅,၂၆၁** | ၇၂,၉၀၀,၈၄၁ |
| **ရင်းနှီးငွေ နှင့် ပေးရန်တာဝန်များ** | | | |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ | ၁၅ | **၂၄,၉၉၉,၁၃၀** | ၂၄,၉၉၉,၁၃၀ |
| အမြတ်လက်ကျန်များ | | **၁၆,၃၈၇,၀၂၅** | ၇,၉၈၂,၄၁၃ |
| | | **၄၁,၃၈၆,၁၅၅** | ၃၂,၉၈၁,၅၄၃ |
| **လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ** | | | |
| ချေးယူမှု | ၁၆ | **၉,၉၀၃,၆၅၃** | ၆,၅၉၆,၈၀၀ |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ကုန်သွယ်မှု နှင့် အခြားပေးရန်ရှိများ | ၁၇ | **၁၅,၅၁၈,၁၂၄** | ၁၅,၂၃၃,၈၄၅ |
| စရံနှင့်ကြိုတင်ငွေများ | ၁၈ | **၅,၀၄၂,၁၃၇** | ၁၅,၄၃၉,၅၀၀ |
| လက်ငင်းအခွန်ပေးရန်တာဝန် | ၁၉ | **၂,၀၆၆,၇၂၅** | ၁,၄၂၄,၇၅၁ |
| လျာထားအသုံးစရိတ်များ | ၂၀ | **၁,၂၃၈,၄၆၇** | ၁,၂၂၄,၄၀၂ |
| | | **၂၃,၈၆၅,၄၅၃** | ၃၃,၃၂၂,၄၉၈ |
| | | **၇၅,၁၅၅,၂၆၁** | ၇၂,၉၀၀,၈၄၁ |

*နောက်ဆက်တွဲမှတ်စုများသည် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

(၁)
Director
Myanmar Agro Exchange Public Limited

(၂)
Director
Myanmar Agro Exchange Public Limited

(၃)
Director
Myanmar Agro Exchange Public Limited

MYANMAR AGRO EXCHANGE ★ PUBLIC LIMITED ★

(၄)
Aung Gyi
Chief Executive Officer
Myanmar Agro Exchange Public Limited

## မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

### ၂၀၂၆ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံ ပါဝင်သောရှင်းတမ်း
ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | မှတ်စု | ၂၀၂၆ | ၂၀၂၅ |
|---|---|---|---|
| **ဝင်ငွေ - အသားတင်** | ၂၁ | **၃၇,၄၃၂,၈၇၅** | ၂၆,၆၉၃,၈၀၉ |
| ကုန်ရောင်းတန်ဖိုး | ၂၃ (က) | **(၁၄,၈၁၉,၈၇၉)** | (၁၃,၀၈၂,၄၄၆) |
| **အကြမ်းအမြတ်** | | **၂၂,၆၁၂,၉၉၆** | ၁၃,၆၁၁,၃၆၃ |
| အခြားဝင်ငွေ | ၂၂ | **၁,၈၄၃,၂၅၃** | ၂၇၅,၄၀၇ |
| **အသုံးစရိတ်များ** | | | |
| - စီမံခန့်ခွဲမှု | ၂၃ (ခ) | **(၇,၁၇၂,၉၇၂)** | (၃,၁၉၀,၆၄၀) |
| - အရောင်းမြှင့်တင်ခြင်း | ၂၃ (ဂ) | **(၇၆,၃၉၉)** | (၃၀,၁၃၁) |
| - ဘဏ်စရိတ်များ | ၂၃ (ဃ) | **(၁,၀၆၀,၃၅၆)** | (၄၃၅,၇၆၃) |
| | | **၁၆,၁၄၆,၅၂၂** | ၁၀,၂၃၀,၂၃၆ |
| YCDC အတွက်အမြတ်ဝေစု | ၁၇ | **(၃,၇၀၈,၄၂၉)** | (၂,၅၅၉,၅၂၁) |
| **အခွန်မလျာထားမီအသားတင်အမြတ်** | | **၁၂,၄၃၈,၀၉၃** | ၇,၆၇၀,၇၁၅ |
| ဝင်ငွေခွန် | ၁၄ (က) | **(၁,၈၉၁,၀၃၆)** | (၇၁၅,၈၉၁) |
| **ဘဏ္ဍာရေးနှစ်အတွက်အမြတ်** | | **၁၀,၅၄၇,၀၅၇** | ၆,၉၅၄,၈၂၄ |
| ဘဏ္ဍာရေးနှစ်အတွက်အခြားဝင်ငွေအလုံးစုံ | | – | – |
| **ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းဝင်ငွေအလုံးစုံ** | | **၁၀,၅၄၇,၀၅၇** | ၆,၉၅၄,၈၂၄ |
| **ရှယ်ယာတစ်စု၏ဝင်ငွေ (တစ်စောင်လျှင်တန်ဖိုးကျပ်)** | | | |
| **ရှယ်ယာတစ်စု၏အခြေခံဝင်ငွေ** | ၂၆ | **၄၄၃** | ၂၉၂ |
| **ရှယ်ယာတစ်စု၏ အားပျော့စေသောဝင်ငွေ** | ၂၆ | **၄၄၃** | ၂၉၂ |

*နောက်ဆက်တွဲမှတ်စုများသည် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

## ၂၀၂၆ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် စုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | ထုတ်ဝေပေးသွင်းပြီး ရင်းနှီးငွေ | အမြတ်လက်ကျန် | စုစုပေါင်း |
|---|---|---|---|
| **၂၀၂၅ ခုနှစ် ၊ ဧပြီလ (၁)ရက်** | ၂၄,၉၉၉,၁၃၀ | ၇,၉၈၂,၄၁၃ | ၃၂,၉၈၁,၅၄၃ |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အမြတ် | – | ၁၀,၅၄၇,၀၅၇ | ၁၀,၅၄၇,၀၅၇ |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အခြားဝင်ငွေ အလုံးစုံ | – | – | – |
| ဘဏ္ဍာရေးနှစ်အတွက်စုစုပေါင်းဝင်ငွေအလုံးစုံ | ၂၄,၉၉၉,၁၃၀ | ၁၈,၅၂၉,၄၇၀ | ၄၃,၅၂၈,၆၀၀ |
| **ပိုင်ရှင်များသို့ / ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ** | | | |
| အမြတ်ဝေစု {(မှတ်စု ၂၄ (က)} | – | (၂,၁၄၂,၄၄၅) | (၂,၁၄၂,၄၄၅) |
| | – | (၂,၁၄၂,၄၄၅) | (၂,၁၄၂,၄၄၅) |
| **၂၀၂၆ ခုနှစ် ၊ မတ်လ (၃၁) ရက်** | ၂၄,၉၉၉,၁၃၀ | ၁၆,၃၈၇,၀၂၅ | ၄၁,၃၈၆,၁၅၅ |
| | | | |
| ၂၀၂၄ ခုနှစ် ၊ဧပြီလ (၁)ရက် | ၂၄,၉၉၉,၁၃၀ | ၅,၇၈၈,၅၇၈ | ၃၀,၇၈၇,၇၀၈ |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အမြတ် | – | ၆,၉၅၄,၈၂၄ | ၆,၉၅၄,၈၂၄ |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အခြားဝင်ငွေ အလုံးစုံ | – | – | – |
| ဘဏ္ဍာရေးနှစ်အတွက်စုစုပေါင်းဝင်ငွေအလုံးစုံ | ၂၄,၉၉၉,၁၃၀ | ၁၂,၇၄၃,၄၀၂ | ၃၇,၇၄၂,၅၃၂ |
| **ပိုင်ရှင်များသို့ / ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ** | | | |
| အမြတ်ဝေစု {(မှတ်စု ၂၄ (က)} | – | (၄,၇၆၀,၉၈၉) | (၄,၇၆၀,၉၈၉) |
| | – | (၄,၇၆၀,၉၈၉) | (၄,၇၆၀,၉၈၉) |
| ၂၀၂၅ ခုနှစ် ၊ မတ်လ (၃၁) ရက် | ၂၄,၉၉၉,၁၃၀ | ၇,၉၈၂,၄၁၃ | ၃၂,၉၈၁,၅၄၃ |

*နောက်ဆက်တွဲမှတ်စုများသည် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

## ၂၀၂၆ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် စုပေါင်းငွေသားစီးဆင်းမှုရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | မှတ်စု | ၂၀၂၆ | ၂၀၂၅ |
|---|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| အခွန်မနှုတ်မီ အသားတင်အမြတ် | | **၁၂,၄၃၈,၀၉၃** | ၇,၆၇၀,၇၁၅ |
| *ကိုက်ညှိရေးဆွဲချက်များ* | | | |
| - တန်ဖိုးလျော့ | | **၁,၆၄၇,၈၄၄** | ၁,၃၇၃,၆၈၃ |
| - အတိုးရငွေ | | **(၂၄၀,၉၆၃)** | (၁၃၂,၄၆၃) |
| -ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်းစာရင်းပယ်ဖျက်ခြင်း | | **(၁,၅၃၃,၀၉၉)** | – |
| - ဈေးအဆောက်အအုံ (၇) အတွက် စာရင်းညှိနှိုင်းခြင်း | | **၁,၂၃၇,၄၅၁** | – |
| **လှည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက်အမြတ်** | | **၁၃,၅၄၉,၃၂၆** | ၈,၉၁၁,၉၃၅ |
| လှည့်လည်ရင်းနှီးငွေပြောင်းလဲမှုများ | | | |
| - ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | | **(၅,၇၁၃,၆၉၇)** | ၃,၉၈၁,၇၀၈ |
| - ကြိုတင်ပေးငွေများ | | **(၂၆၄,၆၇၄)** | ၃၅၂,၅၈၂ |
| - ကုန်လက်ကျန်များ | | **၅၉,၉၅၉** | (၃၇၃,၂၂၂) |
| - လုပ်ဆောင်ဆဲလုပ်ငန်းများ | | **၂,၇၆၃,၆၂၅** | (၄,၄၁၉,၂၅၀) |
| - ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ | | **၂၂၆,၇၀၉** | ၆,၈၆၄,၇၈၅ |
| - စရံနှင့်ကြိုတင်ငွေများ | | **(၁၀,၃၉၇,၃၆၃)** | ၇,၁၁၂,၇၁၇ |
| - လျာထားအသုံးစရိတ်များ | | **၁၄,၀၆၄** | (၂,၈၆၄,၂၅၈) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဝင်မှု** | | **၂၃၇,၉၄၉** | ၁၉,၅၆၆,၉၉၇ |
| အတိုးရရှိမှု | | **၂၄၀,၉၆၃** | ၁၃၂,၄၆၃ |
| ဝင်ငွေခွန်ပေးသွင်းမှု | | **(၁,၃၃၀,၀၀၀)** | (၇၁၀,၀၀၀) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု)** | | **(၈၅၁,၀၈၈)** | ၁၈,၉၈၉,၄၆၀ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှရငွေ | | **၂,၁၅၀,၀၀၀** | – |
| ပုံသေပိုင်ပစ္စည်းရောင်းချရန်ပြင်ဆင်စရိတ်နှင့် အခွန်ပေးဆောင်ငွေ | | **(၈၉,၃၂၅)** | – |
| ပုံသေပိုင်ပစ္စည်းများဝယ်ယူမှု | | **(၂,၅၄၈,၇၃၉)** | (၅,၂၂၇,၆၉၈) |
| ဆော့ဖ်ဝဲဝယ်ယူမှု | | **(၁,၀၅၀)** | – |
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများဝယ်ယူမှု (အဆောက်အဦးများ) | | **(၁,၁၃၈,၃၀၆)** | (၇,၈၉၉,၉၁၆) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသား အသုံးပြုမှု** | | **(၁,၆၂၇,၄၂၀)** | (၁၃,၁၂၇,၆၁၄) |
| **စုပေါင်းဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ချေးယူမှုမှရငွေ | | **၅,၀၀၀,၀၀၀** | ၃,၅၀၀,၀၀၀ |
| ချေးငွေပြန်ဆပ်မှု | | **(၁,၆၉၃,၁၄၇)** | (၁,၅၄၁,၇၉၂) |
| အစုရှယ်ယာရှင်များသို့အမြတ်ဝေစုပေးခြင်း | | **(၂,၀၈၄,၈၇၅)** | (၄,၇၂၇,၈၀၉) |
| **စုပေါင်းဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု)** | | **၁,၂၂၁,၉၇၈** | (၂,၇၆၉,၆၀၁) |
| **ငွေသားအသားတင် အတိုး/(အလျော့)** | | **(၁,၂၅၆,၅၃၀)** | ၃,၀၉၂,၂၄၅ |
| နှစ်အစရှိငွေ နှင့် ဘဏ်လက်ကျန် | | **၅,၆၄၄,၆၇၇** | ၂,၅၅၂,၄၃၂ |
| **နှစ်အဆုံးရှိငွေ နှင့် ဘဏ်လက်ကျန်** | ၉ | **၄,၃၈၈,၁၄၇** | ၅,၆၄၄,၆၇၇ |

*နောက်ဆက်တွဲမှတ်စုများသည် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

**စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ**
**၂၀၂၆ ခုနှစ် မတ်လ (၃၁)ရက်**

ဤမှတ်စုများသည် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများနှင့် အတူတကွ ဖတ်ရှုရမည်ဖြစ်ပါသည်။

၁။ **အထွေထွေ**

ပေးရန်တာဝန်ကန့်သတ်ထားသော မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၅ခုနှစ် ၊ စက်တင်ဘာလ (၁၄) ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကုမ္ပဏီအုပ်စု မှတ်ပုံတင်လက်မှတ် အမှတ် ၁၇၈၉/ ၂၀၁၅-၂၀၁၆ (ရန်ကုန်) ဖြင့် (၁၄.၉.၂၀၁၅) နေ့တွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ထုတ်ပေးခဲ့ပါသည်။ ကုမ္ပဏီအုပ်စုသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်အရ ပြန်လည်မှတ်ပုံတင်ပြီး ကုမ္ပဏီမှတ်ပုံတင်အမှတ်မှာ ၁၁၂၈၇၅၉၅ ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စုကို ကမကထပြုသူ (၁၁)ဦးဖြင့် တညင်းကုန်းလက်ကားဈေးကြီး တည်ဆောက်ရန်နှင့် စီမံခန့်ခွဲရန် ရည်ရွယ်၍ တည်ထောင်ခဲ့ပါသည်။ တညင်းကုန်းလက်ကားဈေးသည် အင်းစိန်မြို့နယ် ၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်တွင် တည်ရှိသည်။ ၂၀၁၅ခုနှစ် နှစ်ဦးပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) မှ ပြုလုပ်သော တညင်းကုန်းလက်ကားဈေးစီမံကိန်း တည်ဆောက်ခွင့်နှင့် စီမံခန့်ခွဲခွင့်တင်ဒါကို အခြားတင်ဒါ တင်သွင်းသူများနှင့် အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး (၃၁.၃.၂၀၁၅) နေ့တွင် ဒဂုန်အင်တာနေရှင်နယ်လီမိတက် (DIL) က ရွေးချယ်ခံခဲ့ရပြီး တင်ဒါအောင်မြင်ခဲ့ ပါသည်။ တင်ဒါပါစည်းကမ်းချက်များအရ DIL သည် စီမံကိန်း ဆောင်ရွက်ရန် အများပိုင် ကုမ္ပဏီတစ်ခု တည်ထောင်ဖွဲ့စည်းရာတွင် အဆိုပါကုမ္ပဏီ၌ DIL မှ အစုရှယ်ယာ ၄၅% ကို ကမကထ ပြုလုပ်သူ/ မူလတည်ထောင်သူ အနေဖြင့် ကနဦးမတည်ပြီး မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ကုမ္ပဏီကို ဖွဲ့စည်းပြီးသည့် အခါတွင်လည်း ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့၏ တညင်းကုန်းတင်ဒါစာလွှာပါ တင်ဒါလုပ်ငန်းလိုအပ်ချက် (၅-က)၊ (၁၆)အရ မူလတင်ဒါ အောင်မြင်ထားသူ DIL ကိုသာ အဓိကကန်ထရိုက်တာအဖြစ် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ကုမ္ပဏီအုပ်စုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ YCDC မှ မြေဧရိယာ ၈၂.၇၈ ဧကအား ကနဦးနှစ် (၅၀) ၊ တိုးချဲ့နှစ် (၂၀) ဖြင့်ငှားရမ်းပြီး တညင်းကုန်းလက်ကားဈေးကြီး စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ရန် ရင်းနှီးမြှုပ်နှံ ထားပါသည်။လုပ်ငန်းပင်မအဆောက်အအုံများဖြစ်သည့် ဈေးရုံကြီးများတည်ဆောက်ရေး လုပ်ငန်းပြီးစီးပါက လက်ကားဈေးကြီး ဖွင့်လှစ် လည်ပတ်ခြင်း စီမံခန့်ခွဲမှုကိစ္စအဝဝကို ကုမ္ပဏီမှ မြေငှားရမ်း ကာလအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မှတ်ပုံတင်ထားသော ကုမ္ပဏီ၏လိပ်စာသည် အမှတ် (၂၆၂-၂၆၄) ၊ပြည်လမ်း ၊ ဒဂုန်စင်တာ ၊ Block (အေ) ၊ (၄) လွှာ ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ပါသည်။

ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်၍ ထိုနေ့မှစ၍ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိခဲ့ပါသည်။ ယင်းဝင်ငွေခွန်ကင်းလွတ်ခွင့်သည် ၂၀၂၁ ခုနှစ် ဇွန်လတွင် ကုန်ဆုံးခဲ့ပါသည်။

ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ရန် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ စတော့အိတ်ချိန်းဝင်သည့်နေ့စွဲမှာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်ဖြစ်ပါသည်။ စတော့အိတ်ချိန်းဝင်ပြီးနောက်ကုမ္ပဏီသည် ဝင်ငွေခွန်ကို ၁၇ ရာခိုင်နှုန်းသာပေးဆောင်ရပါသည်။

ကုမ္ပဏီသည် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်၊ ကလောမြို့နယ်ရှိ ကုန်စည်ပို့ဆောင်ရေး (Logistics) နှင့် အအေးခန်းထောက်ပံ့မှုကွင်းဆက် (Cold Chain) ကဏ္ဍများသို့ မဟာဗျူဟာမြောက် လုပ်ငန်းချဲ့ထွင်ရန်အတွက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နှင့် ၃၁ ရက်နေ့များတွင် ၎င်း၏ ရာနှုန်းပြည့်ပိုင်ဆိုင်သော လက်အောက်ခံကုမ္ပဏီခွဲနှစ်ခုဖြစ်သည့် ရှမ်းတောင်အအေးခန်း ကုမ္ပဏီ လီမိတက် (Southern Shan Cold Chain Co.,Ltd.) နှင့် ရှမ်းတောင်အက်ဂရိအိတ်(စ်)ချိန်း ကုမ္ပဏီလီမိတက် (Southern Shan Agro Exchange Co.,Ltd.) တို့ကိုတည်ထောင်ခဲ့ပါသည်။ ရှမ်းတောင်အအေးခန်းကုမ္ပဏီလီမိတက်၏ အဓိကလုပ်ငန်းများမှာ အအေးခန်းကုန်လှောင်ရုံ ဝန်ဆောင်မှုများနှင့် အအေးခန်းကုန်လှောင်ရုံများ ငှားရမ်းခြင်းဝန်ဆောင်မှု ပေးခြင်းတို့ ဖြစ်ပါသည်။ ရှမ်းတောင်အက်ဂရိအိတ်(စ်)ချိန်းကုမ္ပဏီလီမိတက်၏ အဓိကလုပ်ငန်းများမှာမူ တောင်သူဈေး (Farmers' Market) ရှိ စိုက်ပျိုးရေးထွက်ကုန်များကို အရည်အသွေးခွဲခြားခြင်း၊ ထုပ်ပိုးခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအပြင် ဆိုင်ခန်းများ ငှားရမ်းခြင်း ဝန်ဆောင်မှုပေးခြင်းတို့ဖြစ်ပါသည်။

## ၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် တသမတ်တည်း ကျင့်သုံးခဲ့သော အဓိကကျသည့် စာရင်းမူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### (က) စာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမှုများ

ပူးတွဲပါ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ဖော်ပြထားပါသည်။ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သည့် ဖြစ်ရပ်များအပေါ် အခြေခံသည့် လုပ်ရိုးလုပ်စဉ်(Historical Cost Convention) အရ မူရင်းတန်ဖိုးရေးဆွဲဖော်ပြထားပါသည်။

### (ခ) နိုင်ငံခြားငွေကြေးအား ပြောင်းလဲသတ်မှတ်ခြင်း

*(၁) လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးနှင့် စာရင်းတင် ဖော်ပြသည့်ငွေကြေး*

ကုမ္ပဏီနှင့်၎င်း၏လက်အောက်ခံကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသော စီးပွားရေးပတ်ဝန်းကျင်၏ ငွေကြေးဖြစ်သော မြန်မာကျပ်ငွေကို လုပ်ငန်းဆောင်ရွက်သည့်ငွေကြေး (the "Functional Currency") ဟုသတ်မှတ်ပါသည်။ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ကုမ္ပဏီနှင့်၎င်း၏လက်အောက်ခံကုမ္ပဏီများ၏ လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးပမာဏဖြစ်သော မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

*(၂) လုပ်ငန်းဆောင်ရွက်ချက်နှင့် စာရင်းလက်ကျန်များ*

နိုင်ငံခြားငွေဖြင့် ပြုလုပ်သော လုပ်ငန်းဆောင်ရွက်ချက်များသည် လုပ်ဆောင်ချက်ဖြစ်ပေါ်သည့် နေ့တွင် ရှိသော ငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ်သို့ ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသော ငွေကြေးနှင့်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့် ပြောင်းလဲချက်နှင့်၊ ၎င်းနိုင်ငံခြားငွေကြေး များကို စာရင်းရှင်းလင်းရာမှ ဖြစ်ပေါ်လာသော နိုင်ငံခြားငွေ ဖြစ်ပေါ်သောအမြတ်၊အရှုံးများကို ဝင်ငွေရှင်းတမ်းတွင် စာရင်းရေးသွင်း ပါသည်။

(ဂ) **ကုမ္ပဏီအုပ်စုစာရင်းရေးဆွဲခြင်း**

**လက်အောက်ခံကုမ္ပဏီများ**

စာရင်းစုပေါင်းမှု

လက်အောက်ခံကုမ္ပဏီများဆိုသည်မှာ ကုမ္ပဏီအုပ်စုက ယင်းကုမ္ပဏီများ၏ လုပ်ငန်း ဆောင်ရွက်ချက်များမှ ပေါ်ပေါက်လာသော အကျိုးအမြတ်များကို ရရှိရန်နှင့် ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒများကို ကုမ္ပဏီအုပ်စုက ထိန်းချုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းများ (အထူးလုပ်ငန်းဆောင်ရွက်ရန် အဖွဲ့အစည်းများ အပါအဝင်) ဖြစ်ပြီး ယေဘုယျအားဖြင့် အခိကမဲပေးပိုင်ခွင့်ရှိသည့် ရှယ်ယာပိုင်ဆိုင်မှုဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုက အခြားအဖွဲ့အစည်းကို ထိန်းချုပ်မှုရှိ၊ မရှိ အကဲဖြတ်သောအခါ လက်ရှိကျင့်သုံးခွင့်ရှိသော (သို့မဟုတ်) ပြောင်းလဲခွင့် ရှိသော အလားအလာရှိသည့် မဲပေးပိုင်ခွင့်၏ တည်ရှိမှုနှင့် အကျိုးဆက်ကို ထည့်သွင်းစဉ်းစားပါသည်။ လက်အောက်ခံ ကုမ္ပဏီများကို ကုမ္ပဏီအုပ်စုသို့ ထိန်းချုပ်မှုလွှဲပြောင်းသည့်နေ့ရက်မှစ၍ စာရင်းစုပေါင်းရေးဆွဲပါသည်။ ၎င်းတို့ကို ထိန်းချုပ်မှုရပ်စဲသည့်နေ့ရက်မှစ၍ စာရင်းစုပေါင်းချုပ် ရေးဆွဲခြင်းကို ရပ်စဲပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲရာတွင် လုပ်ငန်းဆောင်ရွက်ချက်များ၊ လက်ကျန်များနှင့် ကုမ္ပဏီအုပ်စုများ အကြားရှိ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အမှန်မရရှိသေးသော (Unrealised) အမြတ်များကိုဖယ်ထုတ် ထားပါသည်။ အမှန်မပေါ်ပေါက်သေးသော (Unrealised) အရှုံးများကိုလည်း ဖယ်ထုတ်ထားပါသည်။ သို့သော် ယင်းတို့ကို လွှဲပြောင်းပေးသောရပိုင်ခွင့်၏ တန်ဖိုးကျဉ္ဆန်းကိန်း တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားပါသည်။ လက်အောက်ခံကုမ္ပဏီများ ၏ စာရင်းဆိုင်ရာ မူဝါဒများကို ကုမ္ပဏီအုပ်စုက လက်ခံကျင့်သုံးသော မူဝါဒများနှင့် လိုက်လျောညီထွေ ဖြစ်စေရန် လိုအပ်သည့်အခါ ပြောင်းလဲထားပါသည်။

ထိန်းချုပ်နိုင်ခွင့်မရှိသော ပိုင်ဆိုင်သူများဆိုသည်မှာ ကုမ္ပဏီအုပ်စုကို ပိုင်ဆိုင်သူများက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပိုင်ဆိုင်သောအကျိုးစီးပွားများ (Interests) က ဖြစ်ပေါ်စေသော လက်အောက်ခံကုမ္ပဏီတစ်ခု၏ အသားတင်ပိုင်ဆိုင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှု အသားတင်ရလဒ်များကို ခွဲဝေ၍ပေးရသော အပိုင်းဖြစ်ပါသည်။ ၎င်းတို့ကို စုပေါင်းဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းများတွင် ပါဝင်သော စုပေါင်းဝင်ငွေအလုံးစုံ ပါဝင်သောရှင်းတမ်းနှင့် စုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်းတို့တွင် ခွဲခြားဖော်ပြပါသည်။ စုပေါင်းဝင်ငွေအလုံးစုံ ပါဝင်သောရှင်းတမ်း (Comprehensive income) မှာ ထိန်းချုပ်နိုင်ခြင်းမရှိသော အကျိုးစီးပွားသည် လိုငွေလက်ကျန် ဖြစ်နေသည့်တိုင်အောင် သက်ဆိုင်ရာ လက်အောက်ခံကုမ္ပဏီတစ်ခုတွင် ယင်းတို့၏ သက်ဆိုင်ရာ အကျိုးစီးပွား (Interests) အပေါ် အခြေခံသော ထိန်းချုပ်မှုမရှိသော ပိုင်ဆိုင်မှုများကြောင့် ဖြစ်ပေါ်လာသည့်ငွေများ ဖြစ်ပါသည်။

(ဃ) **ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ**

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများမှာ ငှားရမ်းခရရန် / သို့မဟုတ် ရင်းနှီးငွေတိုးစေရန် (သို့မဟုတ်နှစ်ရပ်လုံး) ကိုင်ဆောင်ထားသော ပိုင်ဆိုင်ပစ္စည်းများဖြစ်သည်။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများကို မူရင်းတန်ဖိုးဖြင့် ကနဦးစာရင်း ရေးသွင်းပြီး ဆက်လက်၍ မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်း ချွတ်ယွင်းပြုန်းတီးမှု တန်ဖိုးကိုနုတ်၍ တန်ဖိုးသယ်ဆောင်ဖော်ပြပါသည်။

ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်းများ၏ သက်တမ်းကုန်တန်ဖိုးများ၊ အသုံးဝင်သက်တမ်းများနှင့် တန်ဖိုးလျော့နည်းကို လက်ကျန်ရှင်းတမ်း ရေးဆွဲသောနေ့တိုင်းတွင် ပြန်လည်သုံးသပ်၍ လိုအပ်သလို ညှိနှိုင်းသည်။ ပြောင်းလဲမှု များရှိသည့်အခါ ယင်းတို့၏ အကျိုးသက်ရောက်မှုများကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြသည်။

အဓိကကျသော ပြုပြင်မွမ်းမံမှုစရိတ်များကို မတည်အသုံးစရိတ်အဖြစ် စာရင်းသွင်းပြီး အစားထိုး အစိတ်အပိုင်းများ၏ သယ်ဆောင်တန်ဖိုးများကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။ ပြုပြင်ထိန်းသိမ်းမှုစရိတ်နှင့် အသေးစားစရိတ်တိုးမြှင့်မှုများ ကုန်ကျသည့်အခါ၌ အရှုံးအမြတ် စာရင်းတွင်ရေးသွင်းသည်။

တန်ဖိုးလျော့ကို Straight-line method ဖြင့် တွက်ချက်၍ တန်ဖိုးလျော့ပမာဏကို ခန့်မှန်းအသုံးဝင်သက်တမ်း နှစ် (၅၀) သတ်မှတ်ခွဲဝေကျခံသည်။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတစ်ခု၏ ထုခွဲရောင်းချခြင်းနှင့်စပ်လျဉ်း၍ လက်ကျန်တန်ဖိုးနှင့် ထုခွဲရောင်းချခြင်းမှ ရငွေတို့၏ ခြားနားချက်ကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။

(c) **ပုံသေပိုင်ပစ္စည်း**

ပုံသေပိုင်ပစ္စည်းများအားလုံးကို မူရင်းတန်ဖိုးဖြင့် ဦးစွာ စာရင်းဖော်ပြသည်။ ယင်းသို့စာရင်းဖော်ပြပြီးနောက် ယင်းပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်းချွတ်ယွင်းပြုန်းတီးမှုတန်ဖိုးများ နှုတ်၍ တိုင်းတာသည်။ မူရင်းတန်ဖိုးတွင် ပုံသေပိုင်ပစ္စည်းများကို အစားထိုးစရိတ်များ ပါဝင်သည်။ ပုံသေပိုင်ပစ္စည်းတစ်ခု၏ စရိတ်ကို ယင်းပစ္စည်းနှင့်ဆက်စပ်နေသော အနာဂတ်စီးပွားရေးအကျိုးအမြတ်များ ကုမ္ပဏီအုပ်စုသို့ စီးဝင်ရန်နှင့် ယင်းပစ္စည်း၏ စရိတ်ကို ခိုင်လုံစွာ တိုင်းတာနိုင်သည့်အခါမှသာ စာရင်းရေးသွင်းသည်။

ကြားကာလတွင် ပုံသေပိုင်ပစ္စည်း၏အဓိကအစိတ်အပိုင်းများကို အစားထိုးရန် လိုအပ်သောအခါ ကုမ္ပဏီအုပ်စုသည် ယင်းအစိတ်အပိုင်းများကို ပုံသေပိုင်ပစ္စည်းတစ်ခုစီအဖြစ် တိကျသော အသုံးဝင်သက်တမ်းများ၊ တန်ဖိုးလျော့တို့ဖြင့် အသီးသီး စာရင်းဖော်ဆောင်သည်။ ထို့အတူ အဓိကကျသော စစ်ဆေးမှုကို ပြုလုပ်သောအခါ စာရင်းရေးသွင်းရန် စံများပြည့်မှီပါက ၎င်းကုန်ကျစရိတ်ကို ပုံသေပိုင်ပစ္စည်း၏ သယ်ဆောင်တန်ဖိုးတွင် အစားထိုးစရိတ်အဖြစ် စာရင်းရေးသွင်းသည်။ အခြားသော ပြုပြင်ထိန်းသိမ်းမှုစရိတ်များကို ကုန်ကျသည့်အခါ၌ အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။

တန်ဖိုးလျော့ကို ပုံသေပိုင်ဆိုင်ပစ္စည်း၏ ခန့်မှန်းအသုံးဝင်မှု သက်တမ်းအပေါ်တွင် မူတည်၍ Straight-line method ဖြင့် တွက်ချက်ထားပါသည်။

| | (အသုံးဝင်မှုသက်တမ်းနှစ်များ) |
|---|---|
| ပရိဘောဂပစ္စည်းများ | ၃ |
| ရုံးသုံးပစ္စည်းကိရိယာများ | ၂ - ၃ |
| အအေးခန်းအဆောက်အဦး | ၁၀ |
| မော်တော်ယာဉ် | ၅ |
| MPT ဖုန်းလိုင်း | ၅ |
| ရုံးအဆောက်အဦး | ၄၅.၂၅ |
| ကားရပ်နားနေရာထိန်းချုပ်မှုစနစ် | ၃ |
| မီးတိုင်နှင့် မီးတိုင်ဆက်စပ်ပစ္စည်းများ | ၅ |
| ရွှေ့ပြောင်းဈေးဆိုင်ခန်းငယ် | ၃ |
| လုပ်ငန်းခွင်သုံးကိရိယာ | ၃ |
| ဆိုလာစနစ် | ၁၆ |
| လျှပ်စစ်မီးရရှိမှုစနစ် | ၃ |
| Development cost | ၅၀ |

(စ) **ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်း**

သတ်မှတ်၍မရသော သက်တမ်းရှိသည့် နာမည်ကောင်းတန်ဖိုးမှလွဲ၍ ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်း တစ်ခုကို ယင်း၏ မူရင်းတန်ဖိုးမှ တန်ဖိုးလျော့နှင့် အခြားလျော့ရမည့်တန်ဖိုး (ရှိပါက) ကိုနှုတ်၍ ဖော်ပြပါသည်။

တန်ဖိုးလျော့သည့်နည်းလမ်းမှာ Straight-line method ပေါ် အခြေခံသည်။

| | ခန့်မှန်းအသုံးဝင်သက်တမ်းများ |
|---|---|
| Market operation system | ၃ နှစ် |
| E commerce system | ၃ နှစ် |

(ဆ) **ငွေနှင့်ငွေသားညီမျှခြင်းလက်ကျန်များ**

ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များတွင် လက်ဝယ်ရှိငွေသားလက်ကျန်နှင့် ဘဏ်ရှိငွေလက်ကျန်များ ပါဝင်ပါသည်။

(ဇ) **ကုန်လက်ကျန်များ**

ကုန်လက်ကျန်တန်ဖိုးကို ကုန်ကျစရိတ်နှင့် အသားတင်ရောင်းရငွေတို့အနက် နည်းသောပမာဏဖြင့် စာရင်း ဖော်ဆောင်ပါသည်။ ပစ္စည်းတန်ဖိုးကို first-in , first-out နည်းကိုသုံး၍ သတ်မှတ်သည်။ ကုန်ချောတန်ဖိုးနှင့် လုပ်ဆဲအလုပ်တွင် ကုန်ကြမ်းတန်ဖိုးများ၊ တိုက်ရိုက်အလုပ်သမားစရိတ် ၊ အခြားတိုက်ရိုက် ကုန်ကျစရိတ်များနှင့် ဆက်စပ်ထုတ်လုပ် ကုန်ကျစရိတ်များ (ပုံမှန်လုပ်ငန်းစွမ်းဆောင်မှုအပေါ်အခြေခံ၍) နှင့် ချေးငွေစရိတ်များ ပါဝင်ပါသည်။ မူရင်းတန်ဖိုးတွင် နိုင်ငံခြားငွေကြေးဖြင့် ကုန်ဝယ်ယူမှုအတွက် ငွေသားနှင့်သက်ဆိုင်သော အန္တရာယ် ကင်းရှင်းမှုရှိစေရန် ပြုလုပ်ထားမှုအပေါ် ပေါ်ထွက်လာသော မည့်သည့်အရှုံးအမြတ်များမဆို ပါဝင်ပါသည်။ အသားတင် အရောင်းတန်ဖိုး ဆိုသည်မှာ ခန့်မှန်းရောင်းဈေးမှ သာမန်စီးပွားရေးလုပ်ငန်းတစ်ခုတွင် ပြီးဆုံးသည်အထိ ခန့်မှန်းကုန်ကျစရိတ်နှင့် တိုက်ရိုက်ဖြစ်သော အရောင်းကုန်ကျစရိတ်များ အားလုံး နှုတ်ပြီးထားသောတန်ဖိုး ဖြစ်ပါသည်။

(ဈ) **ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ**

ကုန်သွယ်မှုနှင့် အခြားရရန်ရှိများကို ဦးစွာ ကာလတန်ဖိုးဖြင့် စာရင်းရေးသွင်းပြီးနောက် effective interest method ကို အသုံးပြု၍ နောက်ပိုင်းကာလတွင် လျော့ချပြီးတန်ဖိုးမှ ပျက်စီးဆုံးရှုံးမှုအတွက် လျာထားသော တန်ဖိုးကိုနှုတ်၍ စာရင်းသယ်ဆောင်ပါသည်။ ရပိုင်ခွင့်လျော့ကျသွားသည့် အထောက်အထား ခိုင်လုံသောအခါ ခန့်မှန်း၍ရသော ပြန်မရနိုင်သည့် ပမာဏများအတွက် သင့်လျော်သော စရိတ်များကို အရှုံးအမြတ်စာရင်းတွင် ထည့်သွင်းသည်။

(ည) **ဆိုင်းငံ့ထားသောအခွန်**

ဆိုင်းငံ့ထားသောအခွန်ကို အခွန်ဥပဒေအရ တွက်ချက်ရရှိသော ပုံသေပိုင်ပစ္စည်း၏ သယ်ဆောင်တန်ဖိုးနှင့် စုပေါင်းဘဏ္ဍာရေး ရှင်းတမ်းများရှိပုံသေပိုင်ပစ္စည်း၏ သယ်ဆောင်တန်ဖိုးကိုခြားနားသည့်အခါမှ ရရှိလာသော ယာယီကွာခြားချက်များအပေါ် တွင် ဝင်ငွေခွန်နှုန်းထားဖြင့် တွက်ချက်ထားပါသည်။

ဆိုင်းငံ့ထားသော ရရန်နှင့်ပေးရန် အခွန်များနှင့်ပတ်သက်၍ လက်ရှိဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန်ရပိုင်ခွင့်နှင့် ပေးရန် တာဝန်ကို ဥပဒေနှင့်အညီ ခုနှိမ်ခွင့်ရရှိထားသောအခါနှင့် အခွန်အာဏာပိုင်မှ တူညီသောအခါမှသာ ခုနှိမ်ပါသည်။

(ဌ) **ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ**

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများသည် ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ မပေးချေရသေးသော ကုမ္ပဏီအုပ်စု သို့ပေးပို့ထားသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများအတွက် ပေးရန်ရှိများဖြစ်ပါသည်။ ပေးချေမှုသည် တစ်နှစ်အတွင်း (သို့မဟုတ်) တစ်နှစ်အောက် (သို့မဟုတ် ပို၍ကြာရှည်ပါက ပုံမှန်လုပ်ငန်းလည်ပတ်သည့်ကာလ) အတွင်းဖြစ်ပါက ၎င်းတို့ကို လက်ငင်းပေးရန် တာဝန်များအဖြစ် ဖော်ပြပါသည်။ ထိုသို့မဟုတ်ပါက လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ အဖြစ် ဖော်ပြပါသည်။

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ဈေးကွက်ပေါက်ဈေးဖြင့် ကနဦးစာရင်းရေးသွင်းပြီးနောက် effective interest method ကို အသုံးပြု၍ နောက်ပိုင်းကာလတွင် လျော့ချပြီးတန်ဖိုးဖြင့် စာရင်းသယ်ဆောင်ပါသည်။

(ဍ) **လျာထားငွေများ**

ပြီးခဲ့သော အဖြစ်အပျက်တစ်ခု၏ အကျိုးရလဒ်အဖြစ် လက်ရှိပေးရန်တာဝန်ရှိသောအခါ (တရားဥပဒေအရ သို့မဟုတ် အပြုသဘောအရ) ကုမ္ပဏီအုပ်စုသည် လျာထားငွေများအဖြစ် ပေးရန်တာဝန်ရှိသောငွေများကို ပေးချေရန်အတွက် လုပ်ငန်း၏ အရင်းအမြစ်များစီးထွက်ရန် အလားအလာရှိပြီး ပေးချေရမည့်ပမာဏကို တိကျမှန်ကန်စွာ ခန့်မှန်းနိုင်ရမည်။ အနာဂတ်လုပ်ငန်း၏ ဆောင်ရွက်ချက်ဆုံးရှုံးမှုများကို လျာထားငွေများအဖြစ် မသတ်မှတ်ပါ။

(ဎ) **ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ**

သာမန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ် အမျိုးအစား သတ်မှတ်ထားပါသည်။ သာမန်အစုရှယ်ယာ ထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော စရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များမှ နုတ်၍ စာရင်းဖော်ဆောင်ပါသည်။ ကျသင့်အခွန်မှနှုတ်ပြီးသော အသားတင်ဖြစ်ပါသည်။

(ဏ) **အမြတ်ဝေစု**

ကုမ္ပဏီအုပ်စု၏အစုရှင်များအား အမြတ်ဝေစုပေးရန် သဘောတူခွင့်ပြုပြီးသည့်အခါမှသာ ၎င်းအမြတ်ဝေစုများကို စာရင်းရေးသွင်းသည်။

(ဏ) **ဝင်ငွေခွန်များ**

ပြီးခဲ့သောကာလနှင့် လက်ရှိကာလများအတွက် ဝင်ငွေခွန်ကို စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနေ့တွင် ပြဋ္ဌာန်းထား သော သို့မဟုတ် နောက်ပိုင်းပြဋ္ဌာန်းထားသော အခွန်နှုန်းထားများနှင့်အညီ လိုက်နာလျက် အခွန်ဌာနသို့ ပေးချေ ရမည့်ပမာဏ သို့မဟုတ် အခွန်ဌာနမှပြန်လည်အမ်းရန်ရှိသည့် ပမာဏကို စာရင်းဖော်ဆောင်သည်။

(တ) **ဝင်ငွေ**

ဝင်ငွေအဖြစ်အောက်ပါအတိုင်းစာရင်းရေးသွင်းပါသည်။

(၁) လုံးချင်းအိမ်ယာရောင်းချခြင်းများအတွက် ဆောက်လုပ်မှု ၈၀ ရာခိုင်နှုန်းပြီးစီးခြင်း သို့မဟုတ် ဝယ်သူထံမှ အရောင်းတန်ဖိုး၏ ၈၀ ရာခိုင်နှုန်း ငွေရရှိသည့်အခါ ဝင်ငွေအဖြစ်စာရင်းရေးသွင်းပါသည်။

(၂) အလယ်အလတ်လက်ကားဈေးရုံဆိုင်ခန်းများအတွက် ပြီးစီးမှုရာခိုင်နှုန်းကို အသုံးပြု၍ ဝင်ငွေအဖြစ် စာရင်း ရေးသွင်းပါသည်။

(၃) ကျန်သောဝင်ငွေများအတွက် ဝင်ငွေကို accrual basis ဖြင့် စာရင်းရေးသွင်းပါသည်။ ဝင်ငွေတွင် ကုမ္ပဏီအုပ်စု၏ ပုံမှန်လုပ်ငန်းဆောင်ရွက်ချက်အရ ကုန်အရောင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းအတွက် ရရှိခဲ့ခြင်း သို့မဟုတ် ရရန်ရှိ၏တန်ဖိုးများ ပါဝင်ပါသည်။

(ဏ) **နှိုင်းယှဉ်ဖော်ပြချက်**

လိုအပ်သည့်အခါတွင် နှိုင်းယှဉ်ဖော်ပြထားသော ကိန်းဂဏန်းများကို လက်ရှိနှစ်၏ တင်ပြသော ပြောင်းလဲချက်များနှင့်အညီဖြစ်စေရန် ညှိနှိုင်းထားပါသည်။

(ဒ) **ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်**

ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်ဆိုသည်မှာ

(က) တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်ဖြစ်စေ တစ်ဦး(သို့မဟုတ်)တစ်ဦးထက်ပိုသောအဖွဲ့မှ

(၁) ထိန်းချုပ်မှုများတစ်ဦးတစ်ယောက်မှထိန်းချုပ်ခြင်း(သို့မဟုတ်)အဖွဲ့အစည်းမှပူးတွဲထိန်းချုပ်ခြင်း၊ (ဤတွင်မိခင်ကုမ္ပဏီများ၊လက်အောက်ခံများနှင့် အဆင့်တူလက်အောက်ခံများ)

(၂) သြဇာလွှမ်းမိုးသောအဖွဲ့အစည်းပေါ်တွင်အကျိုးခံစားခွင့်ရှိခြင်း၊

(၃) အဖွဲ့အစည်းပေါ်တွင် ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(ခ) အဖွဲ့အစည်းသည် လုပ်ငန်း၏ပူးတွဲအဖွဲ့အစည်းဖြစ်ခြင်း၊

(ဂ) အဖွဲ့အစည်းသည် ဖက်စပ်လုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်း၏ ဖက်စပ်ဝင်တစ်ဦးဖြစ်ခြင်း၊

(ဃ) အဖွဲ့အစည်းသည်လုပ်ငန်း(သို့မဟုတ်)မိခင်ကုမ္ပဏီ၏စီမံခန့်ခွဲမှုတွင်အဓိကတာဝန်ရှိသူဖြစ်ခြင်း၊

(င) အဖွဲ့အစည်းသည် (က) သို့မဟုတ် (ဃ) တွင် ရည်ညွှန်းထားသောမိသားစု (သို့မဟုတ်) တစ်ဦးဦးနှင့်ရင်းနှီးသော မိသားစုဝင်ဖြစ်ခြင်း၊

(စ) အဖွဲ့အစည်းသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ (ဃ)သို့မဟုတ်(င)တွင် ရည်ညွှန်းထားသော တစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှု (သို့မဟုတ်) သြဇာလွှမ်းမိုးခံရသော (သို့မဟုတ်) ထိုအဖွဲ့အစည်းတွင် အထင်ကရ မဲပေးပိုင်ခွင့်ရှိသူ၏ သြဇာလွှမ်းမိုးခံရခြင်း၊

(ဆ) အဖွဲ့အစည်းသည် ဝန်ထမ်းအကျိုးအလို့ငှာ တာဝန်ထမ်းဆောင်ကာလနောက်ပိုင်း ဝန်ထမ်းများ၏ အကျိုးစီးပွားအတွက် စီမံကိန်းဆောင်ရွက်သူဖြစ်ခြင်း (သို့မဟုတ်) လုပ်ငန်းချင်း ဆက်စပ်မှုရှိသော မည်သည့်အဖွဲ့အစည်းမဆိုဖြစ်ပါသည်။

## ၃။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ခန့်မှန်းချက်များ

မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရာတွင် စီမံခန့်ခွဲရေးတွင် တာဝန်ရှိသူများသည် စာရင်းကာလတစ်ခုစီ ကုန်ဆုံးသည့်အချိန်တွင် အစီရင်ခံစာပါ ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေများ၊ အသုံးစရိတ်များ နှင့် အလားအလာရှိသော ပေးရန်တာဝန်များ၏ ဖော်ပြချက်ကို အကျိုးသက်ရောက်စေသော ခန့်မှန်းခြေများနှင့် ယူဆချက်များကို ပြုလုပ်ရပါသည်။ သို့ရာတွင် ထိုခန့်မှန်းခြေများနှင့် ယူဆချက်များ၏ မသေချာမရေရာမှုကြောင့် အနာဂါတ်ကာလများတွင် ရပိုင်ခွင့်နှင့် ပေးရန်တာဝန်၏ သယ်ဆောင်တန်ဖိုးကို အရေးပါသော စာရင်းညှိနှိုင်းမှုတစ်ခု ပြုလုပ်ရန် လိုအပ်စေနိုင်ပါသည်။

## ၄။ Financial Risk Management

ကုမ္ပဏီအုပ်စု၏ financial risk management မူဝါဒသည် ၎င်း၏ risk များကို စီမံခန့်ခွဲရာတွင် လုံလောက်သော ဘဏ္ဍာရေး အရင်းအမြစ်များသည် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ရရှိကြောင်း သေချာမှုရှိစေရန် ဖြစ်သည်။ ကုမ္ပဏီအုပ်စုက ရင်ဆိုင်ရသော financial risk များ၏ အဓိကနယ်ပယ်များနှင့် ယင်း risk များနှင့် ပတ်သက်သည့် မူဝါဒများကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

*(က) Foreign exchange risk*

အစီရင်ခံသည့်ကာလအတွင်း Foreign exchange risk မရှိပါ။ ကုမ္ပဏီအုပ်စုသည် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်း အတက်အကျအတွက် မမျှော်မှန်းနိုင်သော ဆုံးရှုံးမှုများမှ ရှောင်ရှားရန် နိုင်ငံခြားငွေကြေးဖြင့် ထားရှိသော ဘဏ်လက်ကျန်ကို အနည်းဆုံးဖြစ်စေရန် လျှော့ချခဲ့ပါသည်။

*(ခ) Credit risk*

စာရင်းတင်ထားသည့် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ဆက်နွယ်သည့် အများဆုံး credit risk မှာ လက်ကျန်ရှင်းတမ်းတွင် ဖော်ပြထားသည့် ငွေပမာဏ (carrying amount) ဖြစ်ပါသည်။ သို့သော်ကုမ္ပဏီအုပ်စုက ယင်း risk ကိုအနည်းဆုံး ဖြစ်အောင် ဆောင်ရွက်ရန်မူဝါဒများချမှတ်ထားပြီးဖြစ်ပါသည်။

*(ဂ) Market risk*

ကုမ္ပဏီသည် ရန်ကုန်မြို့တွင် လုပ်ငန်းဆောင်ရွက်နေပြီး ဈေးကွက်ဆိုင်ရာ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် စွန့်စားမှု တစ်စုံတစ်ရာမရှိပါ။

*(ဃ) Liquidity and cash flow risks*

ငွေသားစီးဆင်းမှု အတက်အကျ၏ အကျိုးသက်ရောက်မှုကို လျှော့နည်းစေရန်နှင့် လုပ်ငန်းအတွက် လိုအပ်သည့် ငွေကြေးထောက်ပံ့နိုင်ရန် ဒါရိုက်တာများမှ လုံလောက်မှုရှိသည်ဟု ယူဆသော လက်ကျန်ငွေများကို ကုမ္ပဏီအုပ်စုမှ စောင့်ကြည့်ထိန်းသိမ်းထားရှိပါသည်။

## ၅။ Capital management

ကုမ္ပဏီအုပ်စုသည် မတည်ငွေရင်းများ စီမံခန့်ခွဲရာတွင် ထားရှိသော အဓိကရည်ရွယ်ချက်များမှာ လုံလောက်သော လုပ်ငန်းလည်ပတ်ငွေကို ကာကွယ်ထိန်းသိမ်းနိုင်ပြီး လုပ်ငန်းစဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စုသည် ၎င်း၏ရင်းနှီးငွေ ဖွဲ့စည်းမှုများကို စီမံခန့်ခွဲပြီး ၎င်း၏ငွေရေးကြေးရေးပေးရန်တာဝန်များကိုပေးရန် စေ့ရောက်သည့်အခါ ပေးချေနိုင်ရန် သေချာမှုရှိစေရန် ဆောင်ရွက်သည်။

## ၆။ ပုံသေပိုင်ပစ္စည်းများ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | Land | Construction in Progress | ပရိဘောဂ ပစ္စည်းများ | ရုံးသုံးပစ္စည်း ကိရိယာများ | အအေးခန်းအ ဆောက်အဦး | မော်တော်ယာဉ် | MPT ဖုန်းလိုင်း | ရုံးအဆောက်အဦး | ကားရပ်နားနေရာ ထိန်းချုပ်မှုစနစ် | မီးတိုင်နှင့်မီးတိုင် ဆက်စပ်ပစ္စည်းများ | ရွှေ့ပြောင်းစျေးဆိုင် ခန်းငယ် | လုပ်ငန်းခွင်သုံး ကိရိယာများ | ဆိုလာစနစ် | လျှပ်စစ်မီးရရှိမှုစနစ် | Development cost* | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| *မူရင်းတန်ဖိုး* | | | | | | | | | | | | | | | | |
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁)ရက် | ၂,၆၅၄,၅၃၁ | - | ၁၂၈,၆၀၇ | ၁၆၄,၁၅၇ | ၄၄၇,၂၉၁ | ၈၀၅,၆၈၂ | ၂၇,၀၇၈ | ၅၆၂,၇၆၁ | ၃၄၃,၅၄၉ | ၃၂,၂၃၈ | ၄၂,၀၃၂ | ၁,၆၉၀,၇၇၄ | ၁၀၄,၉၈၃ | - | ၁၇,၆၂၄,၆၆၉ | ၂၄,၈၂၈,၃၅၂ |
| အသစ်ဝယ်ခြင်း | - | ၅၇၇,၇၅၂ | ၁,၈၈၇ | ၅,၅၀၉ | ၄၂၉,၇၉၇ | ၃၄,၃၇၂ | - | - | - | ၁၀,၅၆၀ | ၅၅,၇၄၈ | ၅၃၀,၈၅၀ | - | ၁၉,၃၂၀ | ၈၈၂,၈၆၄ | ၂,၅၄၈,၇၃၉ |
| ထုခွဲရောင်းချခြင်း | - | - | - | - | - | - | - | (၅၆၂,၇၆၁) | - | - | - | - | - | - | - | (၅၆၂,၇၆၁) |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက် | ၂,၆၅၄,၅၃၁ | ၅၇၇,၇၅၂ | ၁၃၀,၄၉၄ | ၁၆၉,၇၄၆ | ၈၇၇,၀၈၈ | ၈၄၀,၀၅၄ | ၂၇,၀၇၈ | - | ၃၄၃,၅၄၉ | ၄၂,၇၉၈ | ၉၇,၇၈၀ | ၂,၂၂၁,၆၂၄ | ၁၀၄,၉၈၃ | ၁၉,၃၂၀ | ၁၈,၅၀၇,၅၃၃ | ၂၆,၈၁၄,၃၃၀ |
| *စုစုပေါင်းတန်ဖိုးလျော့နှင့် ချတ်ယွင်းပြုန်းတီးမှုတန်ဖိုး* | | | | | | | | | | | | | | | | |
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁)ရက် | - | - | ၇၆,၅၄၄ | ၁၁၀,၃၃၁ | ၇၀,၇၅၆ | ၂၂၇,၅၆၄ | ၂၆,၈၄၄ | ၃၁,၀၃၉ | ၂၀၉,၈၅၆ | ၁၀,၄၅၂ | ၂၆,၄၀၅ | ၁,၁၂၈,၂၇၁ | ၂၈,၅၄၄ | - | ၁,၄၇၁,၁၉၂ | ၃,၄၁၇,၇၉၈ |
| တန်ဖိုးလျော့ | - | - | ၃၄,၇၁၄ | ၃၀,၉၃၁ | ၅၉,၁၆၈ | ၁၅၆,၀၆၇ | ၇၂ | ၄,၁၄၆ | ၈၇,၆၅၁ | ၈,၀၇၇ | ၁၈,၉၄၇ | ၃၇၉,၃၉၈ | ၁၉,၀၆၁ | ၁,၆၁၀ | ၄၀၈,၇၃၉ | ၁,၂၀၈,၅၈၁ |
| ထုခွဲရောင်းချခြင်း | - | - | - | - | - | - | - | (၃၅,၁၈၅) | - | - | - | - | - | - | - | (၃၅,၁၈၅) |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက် | - | - | ၁၁၁,၂၅၈ | ၁၄၁,၂၆၂ | ၁၂၉,၉၂၄ | ၃၈၃,၆၃၁ | ၂၆,၉၁၆ | - | ၂၉၇,၅၀၇ | ၁၈,၅၂၉ | ၄၅,၃၅၂ | ၁,၅၀၇,၆၆၉ | ၄၇,၆၀၅ | ၁,၆၁၀ | ၁,၈၇၉,၉၃၁ | ၄,၅၉၁,၁၉၄ |
| **စုစုပေါင်းအသားတင်တန်ဖိုး** | | | | | | | | | | | | | | | | |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက် | ၂,၆၅၄,၅၃၁ | ၅၇၇,၇၅၂ | ၁၉,၂၃၆ | ၂၈,၄၈၄ | ၇၄၇,၁၆၄ | ၄၅၆,၄၂၃ | ၁၆၂ | - | ၄၆,၀၄၂ | ၂၄,၂၆၉ | ၅၂,၄၂၈ | ၇၁၃,၉၅၅ | ၅၇,၃၇၈ | ၁၇,၇၁၀ | ၁၆,၆၂၇,၆၀၂ | ၂၂,၂၂၃,၁၃၆ |
| *မူရင်းတန်ဖိုး* | | | | | | | | | | | | | | | | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက် | ၂,၆၅၄,၅၃၁ | - | ၁၁၈,၄၀၄ | ၁၃၅,၉၆၁ | ၄၄၇,၂၉၁ | ၃၅၂,၀၈၂ | ၂၇,၀၇၈ | ၅၆၂,၇၆၁ | ၂၉၁,၄၆၅ | ၂၆,၅၉၉ | ၄၂,၀၃၂ | ၁,၂၅၂,၂၂၀ | ၁၀၄,၉၈၃ | - | ၁၁,၃၈၅,၂၄၇ | ၁၉,၆၀၀,၆၅၄ |
| အသစ်ဝယ်ခြင်း | - | - | ၁၀,၂၀၃ | ၂၈,၁၉၆ | - | ၄၅၃,၆၀၀ | - | - | ၅၂,၀၈၄ | ၅,၆၃၉ | - | ၄၃၈,၅၅၄ | - | - | ၆,၂၃၉,၄၂၂ | ၅,၂၂၇,၆၉၈ |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက် | ၂,၆၅၄,၅၃၁ | - | ၁၂၈,၆၀၇ | ၁၆၄,၁၅၇ | ၄၄၇,၂၉၁ | ၈၀၅,၆၈၂ | ၂၇,၀၇၈ | ၅၆၂,၇၆၁ | ၃၄၃,၅၄၉ | ၃၂,၂၃၈ | ၄၂,၀၃၂ | ၁,၆၉၀,၇၇၄ | ၁၀၄,၉၈၃ | - | ၁၇,၆၂၄,၆၆၉ | ၂၄,၈၂၈,၃၅၂ |
| *စုစုပေါင်းတန်ဖိုးလျော့နှင့် ချတ်ယွင်းပြုန်းတီးမှုတန်ဖိုး* | | | | | | | | | | | | | | | | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက် | - | - | ၄၁,၉၉၃ | ၇၉,၂၆၆ | ၂၆,၀၂၇ | ၉၇,၃၃၀ | ၂၆,၇၇၂ | ၁၈,၆၀၁ | ၁၀၂,၁၈၂ | ၄,၄၉၃ | ၁၂,၃၉၄ | ၈၃၂,၄၉၉ | ၉,၄၈၃ | - | ၁,၁၃၆,၂၂၄ | ၂,၃၉၇,၂၆၄ |
| တန်ဖိုးလျော့ | - | - | ၃၄,၅၅၁ | ၃၁,၀၆၅ | ၄၄,၇၂၉ | ၁၃၀,၂၃၄ | ၇၂ | ၁၂,၄၃၈ | ၁၀၇,၆၇၄ | ၅,၉၅၉ | ၁၄,၀၁၁ | ၂၉၅,၇၇၂ | ၁၉,၀၆၁ | - | ၃၃၄,၉၆၈ | ၁,၀၂၀,၅၃၄ |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက် | - | - | ၇၆,၅၄၄ | ၁၁၀,၃၃၁ | ၇၀,၇၅၆ | ၂၂၇,၅၆၄ | ၂၆,၈၄၄ | ၃၁,၀၃၉ | ၂၀၉,၈၅၆ | ၁၀,၄၅၂ | ၂၆,၄၀၅ | ၁,၁၂၈,၂၇၁ | ၂၈,၅၄၄ | - | ၁,၄၇၁,၁၉၂ | ၃,၄၁၇,၇၉၈ |
| **စုစုပေါင်းအသားတင်တန်ဖိုး** | | | | | | | | | | | | | | | | |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက် | ၂,၆၅၄,၅၃၁ | - | ၅၂,၀၆၃ | ၅၃,၈၂၆ | ၃၇၆,၅၃၅ | ၅၇၈,၁၁၈ | ၂၃၄ | ၅၃၁,၇၂၂ | ၁၃၃,၆၉၃ | ၁၂,၇၈၆ | ၁၅,၆၂၇ | ၅၆၂,၅၀၃ | ၇၆,၄၃၉ | - | ၁၆,၁၅၃,၄၇၇ | ၂၁,၄၁၀,၅၅၄ |

***Development cost** တွင် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း YCDC သို့ လွှဲပြောင်းခဲ့သော ဆိုင်ခန်း၏တန်ဖိုးများပါဝင်ပါသည်။

## ၇။ ထိတွေ့ကိုင်တွယ်၍ မရသောပိုင်ဆိုင်ပစ္စည်း

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | Marketing operation system | E commerce system | စုစုပေါင်း |
|---|---|---|---|
| ***မူရင်းတန်ဖိုး*** | | | |
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁)ရက် | **၁၁၅,၄၁၈** | **၃,၁၃၉** | **၁၁၈,၅၅၇** |
| အသစ်ဝယ်ခြင်း | **၁,၀၅၀** | **-** | **၁,၀၅၀** |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက် | **၁၁၆,၄၆၈** | **၃,၁၃၉** | **၁၁၉,၆၀၇** |
| ***စုစုပေါင်းတန်ဖိုးလျော့နှင့် ချတ်ယွင်းပြုန်းတီးမှုတန်ဖိုး*** | | | |
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁)ရက် | **၁၁၃,၈၈၁** | **၃,၁၃၉** | **၁၁၇,၀၂၀** |
| တန်ဖိုးလျော့ | **၇၂၄** | **-** | **၇၂၄** |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက် | **၁၁၄,၆၀၅** | **၃,၁၃၉** | **၁၁၇,၇၄၄** |
| **အသားတင်တန်ဖိုး ၂၀၂၆ ခုနှစ်မတ်လ(၃၁)ရက်** | **၁,၈၆၃** | **-** | **၁,၈၆၃** |
| *မူရင်းတန်ဖိုး* | | | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက် | ၁၁၅,၄၁၈ | ၃,၁၃၉ | ၁၁၈,၅၅၇ |
| အသစ်ဝယ်ခြင်း | - | - | - |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက် | ၁၁၅,၄၁၈ | ၃,၁၃၉ | ၁၁၈,၅၅၇ |
| *စုစုပေါင်းတန်ဖိုးလျော့နှင့် ချတ်ယွင်းပြုန်းတီးမှုတန်ဖိုး* | | | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက် | ၉၆,၀၁၈ | ၃,၁၃၉ | ၉၉,၁၅၇ |
| တန်ဖိုးလျော့ | ၁၇,၈၆၃ | - | ၁၇,၈၆၃ |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက် | ၁၁၃,၈၈၁ | ၃,၁၃၉ | ၁၁၇,၀၂၀ |
| အသားတင်တန်ဖိုး ၂၀၂၅ ခုနှစ်မတ်လ(၃၁)ရက် | ၁,၅၃၇ | - | ၁,၅၃၇ |

## ၈။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ (အဆောက်အဦးများ)

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| ***မူရင်းတန်ဖိုး*** | | |
| နှစ်စရှိတန်ဖိုး | **၂၀,၉၂၃,၂၈၈** | ၁၃,၀၂၃,၃၇၂ |
| စာရင်းညှိနှိုင်းခြင်း | **(၁,၂၃၇,၄၅၁)** | - |
| အသစ်ဝယ်ခြင်း | **၁,၁၃၈,၃၀၆** | ၇,၈၉၉,၉၁၆ |
| နှစ်ဆုံးရှိတန်ဖိုး | **၂၀,၈၂၄,၁၄၃** | ၂၀,၉၂၃,၂၈၈ |
| ***စုစုပေါင်းတန်ဖိုးလျော့နှင့် ချတ်ယွင်းပြုန်းတီးမှုတန်ဖိုး*** | | |
| နှစ်စရှိတန်ဖိုး | **၁,၇၉၃,၉၂၈** | ၁,၄၅၈,၆၄၂ |
| တန်ဖိုးလျော့ | **၄၃၈,၅၃၉** | ၃၃၅,၂၈၆ |
| နှစ်ဆုံးရှိတန်ဖိုး | **၂,၂၃၂,၄၆၇** | ၁,၇၉၃,၉၂၈ |
| **အသားတင်တန်ဖိုး** | **၁၈,၅၉၁,၆၇၆** | ၁၉,၁၂၉,၃၆၀ |

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများကို ဆက်နွယ်ပတ်သက်မှုမရှိသော သူများသို့ ငှားရမ်းသည်။

ချေးငွေအတွက် ကုမ္ပဏီအုပ်စု၏ ရင်းနှီး၊မြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ (အဆောက်အဦးများ)ကို အာမခံအဖြစ်ထားရှိပါသည်။ (မှ၄

အောက်ပါ ပမာဏများကို အရှုံးအမြတ်စာရင်းတွင် စာရင်းဖော်ဆောင်သည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| ငှားရမ်းခ (မှတ်စု ၂၁) | **၈,၈၁၄,၁၄၉** | ၇,၄၇၄,၉၄၉ |
| လုပ်ငန်းဆောင်ရွက်ချက်မှ ပေါ်ပေါက်လာသော တိုက်ရိုက်သက်ဆိုင်သည့် အသုံးစရိတ်များ | | |
| - ငှားရမ်းခဝင်ငွေပေါ်ပေါက်စေသော ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ(မှတ်စု ၂၃) | **၆၉၄,၉၆၂** | ၅၇၆,၄၁၃ |
| - ငှားရမ်းခဝင်ငွေမဟုတ်သော ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ | - | - |

ကုမ္ပဏီနှင့် YCDC တို့ကြားရှိ စာချုပ်သက်တမ်းမှာ နှစ် (၅၀) ဖြစ်သည်။ ပထမသက်တမ်းတိုးကာလနှင့် ဒုတိယ သက်တမ်းတိုးကာလမှာ (၁၀) နှစ်စီ အသီးသီးဖြစ်ကြပြီး သက်တမ်းကုန်းဆုံးသည့်အခါ အဆောက်အဦးများကို YCDC သို့ လွှဲပြောင်းရမည်ဖြစ်သည်။ သို့ဖြစ်၍ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်း ချွတ်ယွင်းပြုန်းတီးမှုတန်ဖိုးကို နုတ်ပြီး တိုင်းတာဖော်ပြသည်။

## ၉။ ငွေနှင့် ငွေသားညီမျှခြင်းများ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| ငွေလက်ကျန် | **၄၃,၉၆၄** | ၃၁,၃၉၃ |
| ဘဏ်လက်ကျန်* | **၄,၃၄၄,၁၈၃** | ၅,၆၁၃,၂၈၄ |
| | **၄,၃၈၈,၁၄၇** | ၅,၆၄၄,၆၇၇ |

*ဘဏ်လက်ကျန်တွင် ရောဝတီဘဏ် ၌ ထားရှိသော ကျပ် ၅၀၀,၀၀၀,၀၀၀ တန်ဖိုးရှိ အာမခံငွေ ပါဝင်ပါသည်။
(၂၀၂၅ : ကျပ် ၁၅၀,၀၀၀,၀၀၀ ယူနိုက်တက်အမရာဘဏ်)

## ၁၀။ ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| ကုန်သွယ်မှု ရပိုင်ခွင့်များ | | |
| - ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ {မှတ်စု ၂၇ (က)} | - | ၇၆,၁၀၀ |
| - ဆက်နွယ်ပတ်သက်ခြင်းမရှိသောအဖွဲ့အစည်းများ | **၈,၄၃၀,၆၃၁** | ၂,၉၀၁,၅၃၁ |
| အခြားရရန်ရှိများ | | |
| - ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ {မှတ်စု ၂၇ (ခ)} | **၅၀,၁၀၈** | ၇၁,၉၁၂ |
| - ဆက်နွယ်ပတ်သက်ခြင်းမရှိသောအဖွဲ့အစည်းများ | **၃၆၇,၃၁၅** | ၈၈,၁၂၃ |
| ရရန်ရှိအတိုး | **၅,၉၈၇** | ၂,၆၇၈ |
| | **၈,၈၅၄,၀၄၁** | ၃,၁၄၀,၃၄၄ |

## ၁၁။ ကြိုတင်ပေးငွေများ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| ကြိုတင်ပေးငွေများ | **၁၂၈,၈၉၉** | ၃၂,၈၀၈ |
| စီမံကိန်းနှင့်အခြားကြိုတင်ထုတ်ယူငွေများ | **၆၅၂,၁၁၃** | ၄၁၉,၅၅၂ |
| ဝင်ငွေခွန်အတွက်ကြိုတင်ပေးငွေ | **၁,၃၆၈,၈၃၄** | ၁,၃၄၂,၈၅၆ |
| ကုန်သွယ်ခွန်အတွက်ကြိုတင်ပေးငွေ | **၆၁၇,၇၃၂** | ၆၈၁,၇၀၉ |
| | **၂,၇၆၇,၅၇၈** | ၂,၄၇၆,၉၂၅ |

## ၁၂။ ကုန်လက်ကျန်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| အထွေထွေသုံးကုန်လက်ကျန်များ | **၃၉၃,၁၇၆** | ၄၅၃,၁၃၅ |
| | **၃၉၃,၁၇၆** | ၄၅၃,၁၃၅ |

## ၁၃။ လုပ်ဆောင်ဆဲလုပ်ငန်းများ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| အခြေခံကျသော အဆောက်အဦးများနှင့်အခြား | **၁,၅၀၄,၉၁၅** | ၁,၅၁၈,၅၄၈ |
| ဆောက်လုပ်ရေး ကန်ထရိုက်စာချုပ် {မှတ်စု ၂၇ (က နှင့် ခ)} | **၁၆,၂၅၅,၀၃၉** | ၁၃,၄၄၃,၂၈၂ |
| Steel structure အတွက်ကြိုတင်ပေးငွေ | | |
| - ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ {မှတ်စု ၂၇ (က)} | - | ၅,၅၆၁,၇၄၉ |
| - ဆက်နွယ်ပတ်သက်ခြင်းမရှိသောအဖွဲ့အစည်းများ | - | - |
| | **၁၇,၇၅၉,၉၅၄** | ၂၀,၅၂၃,၅၇၉ |

## ၁၄။ ဝင်ငွေခွန်

### (က) ဝင်ငွေခွန်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| ဘဏ္ဍာရေးနှစ်အတွက်ဝင်ငွေခွန်လျာထားချက် | **၁,၉၄၅,၉၉၆** | ၁,၃၅၃,၁၃၅ |
| ပြန်လည်ရင်းနှီးမြှုပ်နှံမှုအတွက် အခွန်သက်သာခွင့် | - | (၅၈၈,၁၃၀) |
| ဆိုင်းငံ့ထားသောဝင်ငွေခွန် {မှတ်စု ၁၄(ခ)} | **(၅၄,၉၆၀)** | (၄၉,၁၁၄) |
| | **၁,၈၉၁,၀၃၆** | ၇၁၅,၈၉၁ |

### (ခ) ဆိုင်းငံ့ထားသောအခွန်

ဆိုင်းငံ့ထားသောအခွန်များကို သင့်လျော်သောခုနှိမ်မှုပြုလုပ်ပြီး စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် အောက်ပါအတိုင်းဖော်ပြပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ပုံသေပိုင်ပစ္စည်းများ | စုစုပေါင်း |
|---|---|---|
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက် | **၁၂၀,၇၃၀** | **၁၂၀,၇၃၀** |
| အရှုံးအမြတ်စာရင်းတွင် စာရင်းတင်ခြင်း | **၅၄,၉၆၀** | **၅၄,၉၆၀** |
| **၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်** | **၁၇၅,၆၉၀** | **၁၇၅,၆၉၀** |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက် | **၁၂၀,၇၃၀** | ၁၂၀,၇၃၀ |

၁၅။ **ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ**

| | ထုတ်ဝေပေးသွင်းပြီးရှယ်ယာစောင်ရေ | ကျပ်ထောင်ပေါင်း |
|---|---|---|
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁)ရက် | **၂၃,၈၀၄,၉၄၆** | **၂၄,၉၉၉,၁၃၀** |
| အစုရှယ်ယာထုတ်ဝေခြင်း | - | - |
| **၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက်** | **၂၃,၈၀၄,၉၄၆** | **၂၄,၉၉၉,၁၃၀** |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက် | ၂၃,၈၀၄,၉၄၆ | ၂၄,၉၉၉,၁၃၀ |
| အစုရှယ်ယာထုတ်ဝေခြင်း | - | - |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက် | ၂၃,၈၀၄,၉၄၆ | ၂၄,၉၉၉,၁၃၀ |

Yangon Stock Exchange သည် ကုမ္ပဏီအား ၂၀၂၃ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် စတော့အိတ်ချိန်းဝင်ကုမ္ပဏီအဖြစ် ခွင့်ပြုခဲ့ပါသည်။ ၃၁.၃.၂၀၂၆ နေ့ရှိ ရှယ်ယာတစ်စောင် ၏ဈေးကွက် ပေါက်ဈေးသည် တစ်စောင်လျှင် ၃,၈၅၀ ကျပ် ဖြစ်ပါသည်။

၁၆။ **ချေးယူမှု**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| နှစ်စ အစရှိ စာရင်းဖွင့်လက်ကျန် | **၆,၅၉၆,၈၀၀** | ၄,၆၃၈,၅၉၂ |
| နှစ် အတွင်း ချေးယူမှု | **၅,၀၀၀,၀၀၀** | ၃,၅၀၀,၀၀၀ |
| နှစ်အတွင်း ပြန်ဆပ်မှု | **(၁,၆၉၃,၁၄၇)** | (၁,၅၄၁,၇၉၂) |
| **နှစ်ဆုံးရှိ စာရင်းပိတ်လက်ကျန်** | **၉,၉၀၃,၆၅၃** | ၆,၅၉၆,၈၀၀ |

ချေးငွေကိုလုပ်ငန်းလည်ပတ်ရန် အသုံးပြုမည်ဖြစ်ပြီး တစ်နှစ်ထပ်ပိုသောပေးရန်ရှိအဖြစ် စာရင်းရေးသွင်းပါသည်။ ချေးငွေကို ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ (အဆောက်အဦးများ) ဖြင့်အာမခံထားပါသည်။ အတိုးနှုန်းမှာ ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအထိ တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၂၅ ခုနှစ်၊ မတ်လမှစ၍ တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်းဖြစ်ပါသည်။ လက်ကျန်ချေးငွေပေါ်တွင် အတိုးတွက်ချက်ပြီး စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် အသုံးစရိတ်အဖြစ်ကျခံပါသည်။ ချေးငွေသဘောတူညီမှုစာချုပ် ကို ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့ နောက်ဆုံးထား၍ ပေးဆပ်ရပါမည်။ (မှတ်စု ၈)

ကုမ္ပဏီအုပ်စုသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကလောခရိုင်၊ ဟဲဟိုး (၁၄/အနောက်) ကွက်ပြင်ရှိ မြေကွက် (၄) ကွက် (၂၅.၄၇ ဧက) အား အာမခံအဖြစ် ပေးအပ်၍ ရေဝတီဘဏ်မှ ထပ်ဆောင်းချေးငွေ ကျပ် ၅,၀၀၀,၀၀၀,၀၀၀ (ကျပ်သိန်းပေါင်း ငါးသောင်း) ကို ရယူခဲ့ပါသည်။ အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁၄ ရာခိုင်နှုန်းဖြစ်ပြီး ချေးငွေအား ၂၀၂၈ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

၁၇။ **ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| ကုန်သွယ်မှုအတွက်ပေးရန်ရှိများ | | |
| -ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ {မှတ်စု ၂၇ (က)} | **၅,၁၇၉,၀၀၉** | ၁၀,၃၈၁,၀၄၉ |
| အခြားပေးရန်ရှိများ | | |
| - DILထံမှချေးယူငွေအတွက်ပေးရန်ရှိ *{မှတ်စု ၂၇ (ခ)}} | **၂,၈၈၀,၀၀၀** | - |
| - ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ {မှတ်စု ၂၇ (ဂ)} | - | ၄,၈၀၀ |
| - ဆက်နွယ်ပတ်သက်ခြင်းမရှိသောအဖွဲ့အစည်းများ | **၃,၃၉၆,၃၇၈** | ၁,၉၆၇,၈၁၉ |
| အမြတ်ဝေစုပေးရန်ကျန်ငွေ {မှတ်စု ၂၄ (ခ)} | **၃၅၄,၃၀၈** | ၂၉၆,၇၃၈ |
| ကုန်သွယ်ခွန် | - | ၂၃,၉၁၈ |
| YCDC အတွက်အမြတ်ဝေစု** | **၃,၇၀၈,၄၂၉** | ၂,၅၅၉,၅၂၁ |
| | **၁၅,၅၁၈,၁၂၄** | ၁၅,၂၃၃,၈၄၅ |

*ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း၌ အဓိကရှယ်ယာရှင်ဖြစ်သော ဒဂုံအင်တာနေရှင်နယ်လီမိတက် (Dagon International Limited) သည် (၂၀) ကေစီမံကိန်းမှ ရောင်းချခဲ့သည့် အဆောက်အအုံများအတွက် ငွေကြေးပြန်လည်ပေးအပ်ခြင်းဖြင့် ကုမ္ပဏီအုပ်စု၏ ငွေသားစီးဆင်းမှု (Cash Flow) ကို ထောက်ပံ့ကူညီရန် အတိုးမဲ့ချေးငွေ (Interest-free loan) တစ်ရပ် ပံ့ပိုးပေးခဲ့ပါသည်။

**လျာထားချက်ကို လုပ်ငန်းစတင်လည်ပတ်ပြီးနောက် လုံးချင်းအဆောက်အဦးများ ၈၀ ရာခိုင်နှုန်း နှင့် အလတ်စား လက်ကားရောင်းဝယ်ရေးရုံ၊ စက်သုံးဆီအရောင်းဆိုင်အဆောက်အအုံများ၏ တည်ဆောက်ရောင်းချခြင်း (သို့မဟုတ်) အငှားချထားခြင်းမှရရှိသော အသားတင် အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ပေးရန်ဟု ဖော်ပြထားသည့် ကုမ္ပဏီနှင့် YCDC ကြားရှိ သဘောတူညီချက်အတိုင်း တွက်ချက်ထားပါသည်။

အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| **ဝင်ငွေ - အသားတင်** | | |
| လုံးချင်းနှင့် အလတ်စားအဆောက်အဦးများရောင်းချခြင်း | **၂၈,၅၂၆,၆၉၉** | ၁၅,၁၆၂,၇၁၈ |
| ငှားရမ်းခ | **၈,၄၇၉,၇၈၆** | ၇,၂၁၃,၀၆၃ |
| စက်သုံးဆီဆိုင်အတွက် မြေကွက်အသုံးပြုခွင့် | - | ၄,၀၇၁,၁၀၉ |
| အရင်းတန်ဖိုး | **(၁၄,၄၄၃,၄၈၀)** | (၁၂,၈၅၇,၀၈၈) |
| အကြမ်းအမြတ် | **၂၂,၅၆၃,၀၀၄** | ၁၃,၅၈၉,၈၃၂ |
| အခြားဝင်ငွေ | **၄၅၆,၅၅၅** | ၂၇၅,၄၀၇ |
| **အသုံးစရိတ်များ** | | |
| - စီမံခန့်ခွဲမှု | **(၇,၀၄၉,၆၀၄)** | (၃,၁၆၂,၂၁၃) |
| - အရောင်းမြှင့်တင်ခြင်း | **(၇၆,၀၀၅)** | (၂၉,၁၇၇) |
| - ဘဏ်စရိတ် | **(၁,၀၆၀,၂၃၂)** | (၄၃၅,၇၆၃) |
| အခွန်မလျာထားမီအသားတင်အမြတ်* | **၁၄,၈၃၃,၇၁၈** | ၁၀,၂၃၈,၀၈၆ |
| YCDC အတွက်အမြတ်ဝေစု (၂၅ ရာခိုင်နှုန်း) | **၃,၇၀၈,၄၂၉** | ၂,၅၅၉,၅၂၁ |

*အခွန်မလျာထားမီ အသားတင်အမြတ်တွင် အသား၊ ငါး၊ အသီးအရွက်များကို အွန်လိုင်းမှရောင်းချခြင်းမှ ရရှိသောဝင်ငွေများ ၊ ကုန်ရောင်းတန်ဖိုးများနှင့် အခြားစရိတ်များမပါဝင်ပါ။ အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| **ဝင်ငွေ - အသားတင်** | | |
| E commerce မှဝင်ငွေ (မှတ်စု ၂၁) | **၄၀၉,၉၀၄** | ၂၄၆,၈၈၉ |
| အရင်းတန်ဖိုး (မှတ်စု ၂၃) | **(၃၇၆,၃၉၈)** | (၂၂၅,၃၅၈) |
| အကြမ်းအမြတ် | **၃၃,၅၀၆** | ၂၁,၅၃၁ |
| အခြားဝင်ငွေ | – | – |
| **အသုံးစရိတ်များ** | | |
| - စီမံခန့်ခွဲမှု | **(၃၄,၆၆၂)** | (၂၈,၄၂၇) |
| - အရောင်းမြှင့်တင်ခြင်း | **(၃၉၄)** | (၉၅၄) |
| **အသားတင်အရှုံး** | **(၁,၅၅၀)** | (၇,၈၅၀) |

## ၁၈။ **စရံနှင့်ကြိုတင်ငွေများ**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| စရံငွေများ | **၃၃၈,၆၀၀** | – |
| စာချုပ်အရကြိုတင်ငွေများ | | |
| - ဆက်နွယ်ပတ်သက်ခြင်းမရှိသောအဖွဲ့အစည်းများ | **၄,၇၀၃,၅၃၇** | ၁၅,၄၃၉,၅၀၀ |
| | **၅,၀၄၂,၁၃၇** | ၁၅,၄၃၉,၅၀၀ |

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ အဆင့်မြင့် လက်ကားဈေး (တည်းကုန်း) စီမံကိန်း မြေဧရိယာ ၈၂.၇၈ ဧကတွင် ပါဝင်နေသည့် ဧက (၂၀) အား State Land အဖြစ် သတ်မှတ်ထားခြင်းကြောင့် ကျန်ရှိသော ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီပိုင် မြေဧရိယာကို ပြန်လည်တိုင်းတာ၍ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြိုတင်အသိပေး အကြောင်းကြားစာကို လက်ခံရရှိပါသဖြင့် လုပ်ငန်းများ ရပ်ဆိုင်းထားရခြင်းဖြစ်ပါသည်။

## ၁၉။ **လက်ငင်းအခွန်ပေးရန်တာဝန်**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| လက်ငင်းအခွန်ပေးရန်တာဝန် | **၂,၀၆၆,၇၂၅** | ၁,၄၂၄,၇၅၁ |
| | **၂,၀၆၆,၇၂၅** | ၁,၄၂၄,၇၅၁ |

## ၂၀။ လျှာထားအသုံးစရိတ်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| ဆောက်လုပ်ရေးစရိတ် လျှာထားငွေ | **၂၉၀,၃၉၅** | ၂၉၀,၃၉၅ |
| Infrastructure စရိတ် လျှာထားငွေ | **၇၁၁,၈၀၉** | ၇၁၁,၈၀၉ |
| မြေဖို့ခြင်းအတွက် လျှာထားငွေ | **၂၂၂,၁၉၈** | ၂၂၂,၁၉၈ |
| မီတာခအသုံးစရိတ် လျှာထားငွေ | **၃,၅၆၅** | - |
| စာရင်းစစ်ခအသုံးစရိတ် လျှာထားငွေ | **၁၀,၅၀၀** | - |
| | **၁,၂၃၈,၄၆၇** | ၁,၂၂၄,၄၀၂ |

## ၂၁။ ဝင်ငွေ-အသားတင်

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| *ဝင်ငွေ* | | |
| လုံးချင်းနှင့် အလတ်စားအဆောက်အဦးများရောင်းချခြင်း | | |
| -ဆက်နွယ်ပတ်သက်ခြင်းမရှိသောအဖွဲ့အစည်းများ | **၂၉,၃၈၂,၅၀၀** | ၁၅,၂၂၅,၆၅၀ |
| -ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ {မှတ်စု ၂၇ (က)} | - | ၃၉၁,၉၅၀ |
| | **၂၉,၃၈၂,၅၀၀** | ၁၅,၆၁၇,၆၀၀ |
| (-) ကုန်သွယ်လုပ်ငန်းခွန် (၃ ရာခိုင်နှုန်း) | **(၈၅၅,၈၀၁)** | (၄၅၄,၈၈၂) |
| | **၂၈,၅၂၆,၆၉၉** | ၁၅,၁၆၂,၇၁၈ |
| စက်သုံးဆီဆိုင်အတွက် မြေကွက်အသုံးပြုခွင့် | - | ၄,၂၇၄,၆၆၄ |
| (-) ကုန်သွယ်လုပ်ငန်းခွန် (၅ ရာခိုင်နှုန်း) | - | (၂၀၃,၅၅၅) |
| | - | ၄,၀၇၁,၁၀၉ |
| ငှားရမ်းခ (မှတ်စု ၈) | **၈,၈၁၄,၁၄၉** | ၇,၄၇၄,၉၄၉ |
| (-) ကုန်သွယ်လုပ်ငန်းခွန် (၅ ရာခိုင်နှုန်း) | **(၃၁၇,၈၇၇)** | (၂၆၁,၈၅၆) |
| | **၈,၄၉၆,၂၇၂** | ၇,၂၁၃,၀၉၃ |
| E commerce (မှတ်စု ၁၇) | **၄၀၉,၉၀၄** | ၂၄၆,၈၈၉ |
| | **၄၀၉,၉၀၄** | ၂၄၆,၈၈၉ |
| | **၃၇,၄၃၂,၈၇၅** | ၂၆,၆၉၃,၈၀၉ |

## ၂၂။ အခြားဝင်ငွေ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| အတိုးရငွေ | **၂၄၀,၉၆၃** | ၁၃၂,၄၆၃ |
| ဈေးရုံမှအထွေထွေရငွေ | **၂၂၅,၀၃၈** | ၁၄၄,၃၃၇ |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှ အမြတ် | **၁,၃၇၉,၇၈၈** | - |
| (-) ကုန်သွယ်လုပ်ငန်းခွန် (၅ ရာခိုင်နှုန်း) | **(၂,၅၃၆)** | (၁,၃၉၃) |
| | **၁,၈၄၃,၂၅၃** | ၂၇၅,၄၀၇ |

## ၂၃။ သဘောသဘာဝအရ စရိတ်များ

ကုန်ရောင်းတန်ဖိုး၊ အထွေထွေနှင့် စီမံခန့်ခွဲမှု အသုံးစရိတ်များနှင့် ဈေးကွက်မြှင့်တင်ရေး၊ ဘဏ်စရိတ်များ နှင့် ပတ်သက်သော စရိတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| **(က) ကုန်ရောင်းတန်ဖိုး** | | |
| ဆောက်လုပ်မှုစရိတ် | **၁၂,၄၈၀,၅၆၉** | ၁၀,၁၆၁,၈၃၀ |
| ဝန်ဆောင်မှုစရိတ်များ (မှတ်စု ၈) | **၆၉၄,၉၆၂** | ၅၇၆,၄၁၃ |
| E commerce စရိတ်များ (မှတ်စု ၁၇) | **၃၇၆,၃၉၈** | ၂၂၅,၃၅၈ |
| စက်သုံးဆီဆိုင်ဆောက်လုပ်ရန် မြေပြုပြင်စရိတ် | - | ၁,၀၆၀,၅၀၂ |
| တန်ဖိုးလျော့ | **၅၁၇,၆၇၉** | ၄၁၂,၉၃၅ |
| အာမခံ | **၁၃၈,၄၇၁** | ၆၅,၅၂၇ |
| လစာ နှင့် အကျိုးအမြတ် | **၆၁၁,၈၀၀** | ၅၇၉,၈၈၁ |
| | **၁၄,၈၁၉,၈၇၉** | ၁၃,၀၈၂,၄၄၆ |
| **(ခ) စီမံခန့်ခွဲမှု** | | |
| တန်ဖိုးလျော့ | **၁,၁၃၀,၁၆၅** | ၉၆၀,၇၄၈ |
| ပညာရှင်ဝန်ဆောင်ခ | **၆၄,၈၆၆** | ၅၄,၃၀၀ |
| စာရင်းစစ်ခ | **၄၅,၀၅၀** | ၃၁,၉၄၀ |
| အထွေထွေ စရိတ်များ | **၁,၈၁၉,၇၆၁** | ၁,၀၃၇,၆၇၆ |
| လစာ နှင့် အကျိုးအမြတ် | **၆၂၃,၉၆၈** | ၄၈၈,၅၂၄ |
| အဓိကကျသော ဒါရိုက်တာများနှင့် အုပ်ချုပ်သူများအတွက်အခကြေးငွေ {မှတ်စု ၂၇ (ဂ)} | **၂၁၁,၀၉၂** | ၁၉၅,၄၂၃ |
| ချီးမြှင့်ငွေ {မှတ်စု ၂၇ (ဂ)} | **၇၂,၀၀၀** | ၇၂,၀၀၀ |
| ဒါရိုက်တာများ၏ အပိုဆုကြေး {မှတ်စု ၂၇ (ဂ)} | **၉၀,၄၀၀** | ၈၆,၀၀၀ |
| လုံခြုံရေးဝန်ဆောင်ခ | **၂၄၄,၃၈၉** | ၁၂၁,၁၃၅ |
| အသေးသုံးများ | **၁၄၄,၁၂၆** | ၁၂၇,၁၄၈ |
| အာမခံ | **၁၂,၀၄၅** | ၁၂,၅၉၁ |
| စတော့အိတ်ချိန်းဝင်ရန်အတွက် ကုန်ကျစရိတ် | **၆,၁၉၄** | ၅,၁၅၇ |

| | | |
|---|---|---|
| ငွေကြေးလဲလှယ်မှု(အမြတ်)/အရှုံး | **၂,၃၅၆** | ၁၃ |

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| **(ခ) စီမံခန့်ခွဲမှု** (အဆက်) | | |
| အခွန်လျာထားချက်အတွက်စာရင်းညှိနှိုင်းမှု | – | (၂,၀၁၅) |
| ဆိုင်ခန်းအရောင်းစာချုပ်များဖျက်သိမ်းမှုအတွက်နစ်နာကြေးပေးငွေ | **၂,၇၀၆,၅၆၀** | – |
| | **၇,၁၇၂,၉၇၂** | ၃,၁၉၀,၆၄၀ |
| **(ဂ) အရောင်းမြှင့်တင်ခြင်း** | | |
| ဈေးကွက်မြှင့်တင်မှု | **၇၆,၃၉၉** | ၃၀,၁၃၁ |
| | **၇၆,၃၉၉** | ၃၀,၁၃၁ |
| **(ဃ) ဘဏ်စရိတ်များ** | **၁,၀၆၀,၃၅၆** | ၄၃၅,၇၆၃ |
| | **၂၃,၁၂၉,၆၀၆** | ၁၆,၇၃၈,၉၈၀ |

၂၄။ **အမြတ်ဝေစု**

(က) **အမြတ်ဝေစုကြေညာခြင်း**

| | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| ရှယ်ယာအရေအတွက် | **၂၃,၈၀၄,၉၄၆** | ၂၃,၈၀၄,၉၄၆ |
| ရှယ်ယာတစ်စုအတွက်အမြတ်ဝေစု (ကျပ်) | **၉၀** | ၂၀၀ |
| **စုစုပေါင်း (ကျပ်ထောင်ပေါင်း)** {မှတ်စု ၂၄ (ခ)} | **၂,၁၄၂,၄၄၅** | ၄,၇၆၀,၉၈၉ |

(ခ) **ပေးရန်ရှိ အမြတ်ဝေစု**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁)ရက် | **၂၉၆,၇၃၈** | ၂၆၃,၅၅၈ |
| နှစ်အတွင်းပေးရန်ကြေညာသဘောတူညီခဲ့သောအမြတ်ဝေစု {မှတ်စု ၂၄ (က)} | **၂,၁၄၂,၄၄၅** | ၄,၇၆၀,၉၈၉ |
| နှစ်အတွင်းပေးရန်အမြတ်ဝေစုထုတ်ဝေမှု | **(၂,၀၈၄,၈၇၅)** | (၄,၇၂၇,၈၀၉) |
| **၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက်** (မှတ်စု ၁၇) | **၃၅၄,၃၀၈** | ၂၉၆,၇၃၈ |

ကုမ္ပဏီအုပ်စုသည် (၉)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းဝေးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုကို ရှယ်ယာတစ်စောင်လျှင် ၉၀ ကျပ်ပေးရန် ကြေငြာခဲ့ပါသည်။

## ၂၅။ အရေးကြီးသည့် ပဋိညာဉ်စာချုပ်များ

ကုမ္ပဏီသည် တည်င်းကုန်းလက်ကားဈေးကြီး ဆောက်လုပ်ရေးကို တင်ဒါအပိုဒ် (၅-က) ၊ (၁၆) ပါ အခြေအနေအတိုင်း ပြည့်မီစေရန် ဒဂုန်အင်တာနေရှယ်နယ်လီမိတက်ကို အဓိကဆောက်လုပ်ရေး ကန်ထရိုက်တာအဖြစ် ခန့်အပ်ခဲ့သည်။ ကုမ္ပဏီအုပ်စုသည် ၂၀၁၆ခုနှစ်၊ မတ်လ (၂၂)ရက်နေ့တွင် စီမံကိန်းမြေ ငှားရမ်းခွင့်စာချုပ်အားအောက်ပါ ရပိုင်ခွင့်များအတိုင်း ပေးရန်ချုပ်ဆိုခဲ့ပါသည်။

(၁) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချုပ်ဆိုသောစာချုပ်

ကုမ္ပဏီသည် ၂၀၁၆ ခုနှစ်၊ မတ်လ (၂၂)ရက်နေ့တွင် စီမံကိန်းမြေအကောင်အထည်ဖော်ရန် ငှားရမ်းခွင့်စာချုပ်အား အောက်ပါရပိုင်ခွင့်များအတိုင်းပေးရန်ချုပ်ဆိုခဲ့ပါသည်။

- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အကြီးစားပွဲရုံ ၊ လူနေအိမ်ခန်း၊ ရုံးခန်းအဆောက်အဦးစုစုပေါင်း (၂၀၀)လုံး၏ ၂၀%ဖြစ်သော (၄၀)လုံး၊ အားပေးရန်။
- လုပ်ငန်းစတင်လည်ပတ်ပြီးနောက် Shop house (၈၀%) နှင့် အလတ်စားလက်ကားရောင်းဝယ်ရေးရုံ ၊ စက်သုံးဆီ အရောင်းဆိုင် အဆောက်အအုံ များ၏ တည်ဆောက်ရောင်းချခြင်း (သို့မဟုတ်) အငှားချခြင်းမှရရှိသော အသားတင် အမြတ်ငွေ၏ ၂၅%ကို ပေးရန်။

(၂) ဒဂုန်အင်တာနေရှင်နယ်လီမိတက်နှင့် ချုပ်ဆိုသောစာချုပ်

(က) ကုမ္ပဏီသည် တည်င်းကုန်းလက်ကားဈေးကြီး ဆောက်လုပ်ရေးကို တင်ဒါအပိုဒ် ၅(က)၊ ၁၆ပါ အခြေအနေအတိုင်း ပြည့်မီစေရန် ဒဂုန်အင်တာနေရှင်နယ်လီမိတက်နှင့် ဆောက်လုပ်ရေးကန်ထရိုက်စာချုပ်ချုပ်ဆိုခဲ့သည်။

(ခ) ကုမ္ပဏီသည် ဒဂုန်အင်တာနေရှင်နယ်လီမိတက်နှင့် ဒုတိယအကြိမ် ရပိုင်ခွင့်အစုရှယ်ယာထုတ်ဝေခြင်းနှင့် စပ်လျဉ်း၍ ထုတ်ဝေရောင်းချပြီးသော အစုရှယ်ယာပေါင်း၏ ၄၅% ဖြစ်သော အစုရှယ်ယာ (၄၅၀,၀၀၀) စုကို ဝယ်ယူရာတွင်လည်းကောင်း ၊ အများပြည်သူသို့ အစုရှယ်ယာ (၅၀၀,၀၀၀) ကမ်းလှမ်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ ဝယ်ယူခွင့်ရရှိခဲ့သည့် အစုရှယ်ယာ (၃၅,၀၀၀) စုအတွက် ထည့်ဝင်ရာတွင်လည်းကောင်း ငွေသားဖြင့်မဟုတ်ဘဲ တည်င်းကုန်း လက်ကားဈေးဆောက်လုပ်ခြင်း အတွက်ပေးရမည့် လုပ်အားခများဖြင့် ခုနှိမ်ပေးချေရန် ၃၁.၁၀.၂၀၁၆ နေ့နှင့် ၃၀.၃.၂၀၁၇ နေ့တို့တွင် စာချုပ်များအသီးသီးချုပ် ဆိုခဲ့ပါသည်။

## ၂၆။ ရှယ်ယာတစ်စုၚ်ဝင်ငွေ

| | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| ဘဏ္ဍာရေး နှစ်အတွင်းကုမ္ပဏီ၏ အစုရှင်များသို့ခွဲဝေပေး၍ရသောအသားတင်အမြတ် (ကျပ်ထောင်ပေါင်း) | ၁၀,၅၄၇,၀၅၇ | ၆,၉၅၄,၈၂၄ |
| စာရင်းပိတ်သည့်နေ့ရှိ စုစုပေါင်း အစုရှယ်ယာအရေအတွက် (ထောင်ပေါင်း) | ၂၃,၈၀၅ | ၂၃,၈၀၅ |
| **Basic earnings per share (Kyat per share)** | ၄၄၃ | ၂၉၂ |
| ဘဏ္ဍာရေး နှစ်အတွင်းကုမ္ပဏီ၏ အစုရှင်များသို့ခွဲဝေပေး၍ရသောအသားတင်အမြတ် (ကျပ်ထောင်ပေါင်း) | ၁၀,၅၄၇,၀၅၇ | ၆,၉၅၄,၈၂၄ |
| အချိန်နှင့်အမျှ ပျမ်းမျှယူထားသော အစုရှယ်ယာအရေအတွက် (ထောင်ပေါင်း) | ၂၃,၈၀၅ | ၂၃,၈၀၅ |
| **Diluted earnings per share (Kyat per share)** | ၄၄၃ | ၂၉၂ |

## ၂၇။ ဆက်နွယ်ပတ်သက်သော အဖွဲ့အစည်းများကြား ဆောင်ရွက်ချက်များ

စုပေါင်းဘဏ္ဍာရေးရှင်းတမ်း၏ အခြားနေရာများတွင် ဖော်ပြထားသော အချက်အလက်များအပြင် အောက်ပါလုပ်ငန်းလုပ်ဆောင်ချက်များသည် ကုမ္ပဏီအုပ်စုနှင့်ဆက်နွယ်ပတ်သက်နေသော အဖွဲ့အစည်းများအကြားတွင် သဘောတူညီချက်များနှင့် အညီဆောင်ရွက်ခဲ့ပါသည်။

*(က) ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းနှင့် ရောင်းချခြင်း*

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **စာရင်းပေါ်ပေါက်မှု စုစုပေါင်းတန်ဖိုး ၁.၄.၂၀၂၅ မှ ၃၁.၃.၂၀၂၆** | **လက်ကျန်တန်ဖိုး ၃၁.၃.၂၀၂၆** |
|---|---|---|
| DIL_ဆောက်လုပ်ရေး ကန်ထရိုက်စာချုပ် (မှတ်စု ၁၃) | **၂,၈၁၆,၇၅၇** | **၁၆,၂၅၅,၀၃၉** |
| DIL_ဆောက်လုပ်ရေး ကန်ထရိုက်စာချုပ် (မှတ်စု ၁၃) | **၅,၅၆၁,၇၄၉** | - |
| DIL_ကန်ထရိုက်စာချုပ်အတွက်ပေးရန်ရှိ (မှတ်စု ၁၇) | **၅,၂၀၂,၀၄၀** | **၅,၁၇၉,၀၀၉** |
| Medium wholesale အရောင်း (မှတ်စု ၁၀) | - | - |

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | စာရင်းပေါ်ပေါက်မှု စုစုပေါင်းတန်ဖိုး ၁.၄.၂၀၂၄ မှ ၃၁.၃.၂၀၂၅ | လက်ကျန်တန်ဖိုး ၃၁.၃.၂၀၂၄ |
|---|---|---|
| DIL_ဆောက်လုပ်ရေး ကန်ထရိုက်စာချုပ် (မှတ်စု ၁၃) | ၁,၇၀၇,၇၆၆ | ၁၃,၄၃၈,၂၈၂ |
| DCL_ဆောက်လုပ်ရေး ကန်ထရိုက်စာချုပ် (မှတ်စု ၁၃) | ၅,၅၆၁,၇၄၉ | ၅,၅၆၁,၇၄၉ |
| DIL_ကန်ထရိုက်စာချုပ်အတွက်ပေးရန်ရှိ (မှတ်စု ၁၇) | ၆,၄၁၈,၅၉၀ | ၁၀,၃၈၁,၀၄၉ |
| ကြိုတင်ရငွေ (မှတ်စု ၁၀ နှင့် ၂၁) | ၃၉၁,၉၅၀ | ၇၆,၁၀၀ |

(ခ) *Other*

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **စာရင်းပေါ်ပေါက်မှု စုစုပေါင်းတန်ဖိုး ၁.၄.၂၀၂၅ မှ ၃၁.၃.၂၀၂၆** | **လက်ကျန်တန်ဖိုး ၃၁.၃.၂၀၂၆** |
|---|---|---|
| DILထံမှချေးယူမှုအတွက်ပေးရန်ရှိ (မှတ်စု ၁၇) | **၆,၂၈၀,၀၀၀** | **၂,၈၈၀,၀၀၀** |
| DIL ကိုယ်စားကုမ္ပဏီအုပ်စုမှပေးထားငွေ (မှတ်စု ၁၀) | **၂၁,၈၀၄** | **၅၀,၁၀၈** |
| လုံးချင်းအဆောက်အဦးအတွက် အာမခံထားငွေ(မှတ်စု ၁၃) | **၅,၀၀၀** | **-** |

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | စာရင်းပေါ်ပေါက်မှု စုစုပေါင်းတန်ဖိုး ၁.၄.၂၀၂၄ မှ ၃၁.၃.၂၀၂၅ | လက်ကျန်တန်ဖိုး ၃၁.၃.၂၀၂၅ |
|---|---|---|
| DIL ကိုယ်စားကုမ္ပဏီအုပ်စုမှပေးထားငွေ (မှတ်စု ၁၀) | ၆၇,၄၆၇ | ၇၁,၉၁၂ |
| လုံးချင်းအဆောက်အဦးအတွက် အာမခံထားငွေ (မှတ်စု ၁၃) | - | ၅,၀၀၀ |

(ဂ) *အဓိကကျသော ဒါရိုက်တာများနှင့် အုပ်ချုပ်သူများအတွက် အခကြေးငွေ*

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **စာရင်းပေါ်ပေါက်မှု စုစုပေါင်းတန်ဖိုး ၁.၄.၂၀၂၅ မှ ၃၁.၃.၂၀၂၆** | **လက်ကျန်တန်ဖိုး ၃၁.၃.၂၀၂၆** |
|---|---|---|
| လစာ (မှတ်စု ၂၃) | **၂၁၁,၀၉၂** | **-** |
| ချီးမြှင့်ငွေ (မှတ်စု ၂၃ နှင့် ၁၇) | **၇၂,၀၀၀** | **-** |
| ဒါရိုက်တာများ၏ အပိုဆုကြေး(မှတ်စု ၂၃) | **၉၀,၄၀၀** | **-** |

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | စာရင်းပေါ်ပေါက်မှု စုစုပေါင်းတန်ဖိုး ၁.၄.၂၀၂၄ မှ ၃၁.၃.၂၀၂၅ | လက်ကျန်တန်ဖိုး ၃၁.၃.၂၀၂၅ |
|---|---|---|
| လစာ (မှတ်စု ၂၃) | ၁၉၅,၄၂၃ | - |
| ချီးမြှင့်ငွေ (မှတ်စု ၂၃ နှင့် ၁၇) | ၇၂,၀၀၀ | ၄,၈၀၀ |
| ဒါရိုက်တာများ၏ အပိုဆုကြေး(မှတ်စု ၂၃) | ၈၆,၀၀၀ | - |

(ဃ) *ဆက်နွယ်ပတ်သက်သော အဖွဲ့အစည်းများအကြား အရေးပါသော သဘောတူညီချက်များ (မှတ်စု ၂၅ (၂))*

ဒဂုန်အင်တာနေရှင်နယ်လီမိတက်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရ တင်ဒါစိစစ်ရေးကော်မတီမှ ခေါ်ယူသော တည်းကုန်းလက်ကားဈေး စီမံကိန်းဆောက်လုပ်ရေးတင်ဒါကို အဓိကကန်ထရိုက်တာအဖြစ် လုပ်ဆောင်ရန် တင်ဒါအောင်မြင်ထားသူဖြစ်၍ ဒဂုန်အင်တာနေရှင်နယ်လီမိတက်ကိုသာ အဓိကကန်ထရိုက်တာအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

## ၂၈။ **ဘဏ္ဍာရေးရှင်းတမ်းအတည်ပြုခြင်း**

ကုမ္ပဏီအုပ်စု၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၉) ရက် နေ့တွင် ကုမ္ပဏီအုပ်စု၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်အရ ထုတ်ပြန်ရန် အတည်ပြုခဲ့ပါသည်။